ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့၊ (26-8-2010) (၆၅၀၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျိုက်ဒုံဒေသတွင် နယ်ခြားစောင့်တပ် ဖွင့်လှစ်နိုင်ခြင်းကြောင့် တာဝန်ထမ်းဆောင်ခွင့် ရရှိတော့မည့် တပ်ဖွဲ့ဝင်များက ဂုဏ်ယူဝမ်းမြောက် ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေး

မှတ်တမ်းတင်ဓာတ်ပုံရိုက်

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်တစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာအမှန်ကို သိရှိနားလည်ကာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးဖြစ်သော တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင် လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှု အစီအစဉ်များ လုပ်ဆောင်လျက်ရှိရာ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ (ဟောင်သရောအထူးဒေသ)၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယင်းအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ (ဟောင်သရောအထူးဒေသ)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံရပ်မိရပ်ဖများနှင့် တိုင်းရင်းသားမိသားစုများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ်ဖွင့်ပွဲ အခမ်းအနားတွင် နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အလံကို လွှင့်တင်ပြီး တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်ချုပ်သန်းစိုးနှင့် ဗိုလ်ချုပ်လှိုင်မြင့်တို့က

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၅-၈-၂၀၁၀)

လောင်းလုံ	ဝမ်းတွင်း
၄ ဒသမ ၂၉ လက်မ	၃ ဒသမ ၂၀ လက်မ
ပုသိမ်ကြီး (ရွှေစာရံ)	**စစ်ကိုင်း**
၃ ဒသမ ၅၀ လက်မ	၂ ဒသမ ၈၇ လက်မ

၂၆-၈-၂၀၁၀
(ကြာသပတေးနေ့)

အမျိုးသားရေးစွမ်းအား ခိုင်ခိုင်မာမာတည်ဆောက်

မျက်မှောက်ကမ္ဘာတွင် အယူဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေး အသွင်သဏ္ဍာန်အမျိုးမျိုးဆောင်နေသည့် ပဋိပက္ခများဖြစ်ပေါ်နေသည်။ ဒေသတွင်း စစ်ပွဲများ၊ ပြည်တွင်းစစ်များနှင့် အကြမ်းဖက်မှုများကို တွေ့မြင်ကြားသိနေရသည်။ ကမ္ဘာ့နိုင်ငံများအတွင်း အုပ်စုဖွဲ့ဘက်ပြိုင်မှုများ၊ စံနှစ်မျိုးထားခွဲခြားဆက်ဆံမှုများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုများလည်း ကြီးမားနက်ရှိုင်းစွာ ဖြစ်ပေါ်လျက်ရှိသည်။

ယင်းသို့သော အခြေအနေ အချိန်အခါမျိုးတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့်အညီ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရေး အားထုတ်ကြရပေမည်။ ကြုံတွေ့ရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်သည့် အမျိုးသားရေးစွမ်းအားကို ခိုင်ခိုင်မာမာ တည်ဆောက်ထားကြရမည်ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာရပ်များ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ တိုးတက်ပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ်ပြောင်းလဲလျက်ရှိသည်။ နိုင်ငံနှင့်လူမျိုး ရှင်သန်ရပ်တည်နိုင်ရေး အချိန်နှင့်အမျှ ကြိုးပမ်းနေကြရသော အချိန်အခါလည်းဖြစ်သည်။

ယနေ့အချိန်အခါတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာစေရေး ပြည်သူတို့၏ပါဝင်မှုဖြင့် တည်ဆောက်လျက်ရှိသည်။ အမျိုးသားပညာရည်မြင့်မားမှုစွမ်းအား၊ သိပ္ပံနှင့်နည်းပညာရပ်များ၏စွမ်းအား၊ အမျိုးသားစနေ အင်အားတောင့်တင်းမှုစွမ်းအားတို့ ပြည့်ဝခိုင်မာမှုရှိရေး ကြိုးပမ်းကြရပေမည်။ မိမိတို့နိုင်ငံအနေဖြင့် ရရှိပြီးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများကို ထိန်းသိမ်းကြရပေမည်။ ကမ္ဘာနှင့်အဝန်း ဖွံ့ဖြိုးတိုးတက်နေသည့် သိပ္ပံနှင့်နည်းပညာများ၊ စက်မှုအတတ်ပညာများကို ရယူအသုံးချနိုင်ရေး ဆက်လက်အားထုတ်ကြရပေဦးမည်။

ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များအား ဘက်စုံပညာရည် ပြည့်ဝနေစေရေး ပြုစုပျိုးထောင်ပေးကြရပေမည်။ ကျောင်းစာတစ်ခုတည်းသာမက ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေး၊ လူမှုဆက်ဆံရေး၊ စာရိတ္တ၊ အားကစားဘက်စုံဖွံ့ဖြိုးလာစေရေး လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်သည်။ အတွေးအခေါ် အသိအမြင် ဗဟုသုတပြည့်စုံကြွယ်ဝရေး၊ စိတ်ဓာတ်နှင့် အမူအကျင့် အလေ့အထကောင်းများရရှိစေရေး အစဉ်တစိုက် သင်ကြားပြသ ပေးကြရမည်ဖြစ်သည်။

နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့်အတူ ခေတ်မီနိုင်ငံတော်သစ်ကို တည်ဆောက်နေသည်။ မျိုးဆက်သစ် လူငယ်လူရွယ်များအား နယ်ပယ်ကဏ္ဍအလိုက် စွမ်းဆောင်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး ဆရာ၊ ဆရာမများအားလုံးက စိတ်ဓာတ်ကောင်း၊ စေတနာကောင်းများဖြင့် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါသည်။ ။

ပြည်သူ့ သဘောထား	
	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားမှ ဝယ်ယူတင်သွင်းလာသော စက်ယန္တရားများနှင့် ရေရောကတ္တရာစက်ရုံ (ပျဉ်းမပင်)တို့ကို ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁နာရီတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ယန္တရားတပ်ခွဲ(တောင်) အင်ဂျင်နီယာမှူးကြီးရုံးသို့ ရောက်ရှိပြီး လမ်းလုပ်ငန်းများအတွက် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းလာသော ကတ္တရာဖျန်းယာဉ် ၁၀စီး၊ ကျောက်ဖြန့်စက် တစ်စီးနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဝယ်ယူထားသည့် မြေတူးကော်တင်စက် စမ်းသပ်မောင်းနှင်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး(စက်မှု) ဦးမျိုးနိုင်က ဝန်ထမ်းအင်အားဖွဲ့စည်းပုံ၊ အောက်မြန်မာပြည်ရှိ စက်၊ ယာဉ်၊ ယန္တရားများအခြေအနေ၊ ကန်ထရိုက်စနစ်ဖြင့် ကုမ္ပဏီခုနစ်ခုမှ စာချုပ် ချုပ်ဆိုဝယ်ယူခဲ့သည့် စက်၊ ယာဉ်၊ ယန္တရားများ အခြေအနေနှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနမှ ဝယ်ယူခဲ့သည့် စက်၊ ယာဉ်၊ ယန္တရားများ အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာမှူးကြီး (စက်မှု) ဦးမျိုးညွန့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြန်လည်ပြုပြင် ရရှိမည့် စက်၊ယာဉ်၊ ယန္တရားများ စာရင်းကို စနစ်တကျပြုစုတင်ပြရန်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် စက်၊ ယာဉ်၊ ယန္တရားများ ကိုလည်း လိုအပ်ပါက ထပ်မံဝယ်ယူရန် မှာကြားသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရေရောကတ္တရာစက်ရုံ(ပျဉ်းမပင်)သို့ ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်လှလှသွယ်က စက်ရုံအခြေအနေ၊ ရေရောကတ္တရာ အဆင့်ဆင့်ဆောင်ရွက်ရမည့် အခြေအနေနှင့် အကျိုးသက်ရောက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ရေရောကတ္တရာများကို လုပ်ငန်းလိုအပ်ချက်အရ မိုးတွင်းကာလတွင် အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သွားရန်နှင့် မီးဘေးအန္တရာယ်လုံခြုံရေးအတွက် အထူးဂရုပြုဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ရေရောကတ္တရာစက်ရုံအတွင်းသို့ သွားရောက်၍ ရေရောကတ္တရာထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ရေရောကတ္တရာရရှိလာမည့် အခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ယန္တရားတပ်ခွဲ (တောင်)တွင် လမ်းလုပ်ငန်းများအတွက် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းလာသော ကတ္တရာဖျန်းယာဉ်များ၊ ကျောက်ဖြန့်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

ဒုတိယဝန်ကြီး ဦးတင်ငွေ စည်ပင်သာယာရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် ဩဂုတ် ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ဆိုင်းဘုတ် စိုက်ထူမည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ချင်းဆက်လမ်း အမှတ် (၃) ကောင်းမှုတော်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ခရိုင်ချင်းဆက်လမ်း အမှတ်(၃) အား အပိုင်းလိုက် ကတ္တရာခင်းခြင်းနှင့် ကျောက်ချောခင်းခြင်း လုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမှတ်(၃) ခရိုင်ချင်းဆက်လမ်းနှင့် ဆက်စပ်လျက်ရှိသော ကျေးလက်လမ်းများဖြစ်သည့် နဘဲပင်လှ-ပေါက်ကန်လမ်း ၇မိုင်၄ဖာလုံ၊ ရှားကွဲ-ရေဂမိုးလမ်း ၄မိုင်၄ဖာလုံ၊ ဘုရားလေးကုန်းလမ်း ၂မိုင်၄ဖာလုံ၊ ချောင်းမီးတိုလမ်း တစ်မိုင်နှင့် ငါးကြင်းအိုင်လမ်း လေးဖာလုံ စုစုပေါင်း ကျေးလက်လမ်း အရှည် ၁၆ မိုင်အား နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝက်လက်မြို့နယ်ရှိမ္ဗကား ရှင်းလင်းဆောင်၌ ကျေးလက်လူထုနှင့် တွေ့ဆုံသည်။

ထို့နောက် ငတိုင်တောင်ကျေးရွာအနီး ခရိုင်ချင်းဆက် အမှတ် (၃) လမ်းပေါ်၌ ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၁၀၀၊ အကျယ် ၁၄ပေ၊ အမြင့် ၁၅ ပေရှိ သစ်သားတံတားသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ လိုက်ပါ၍ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့သို့ ရောက်ရှိပြီး ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ကတ္တရာခင်းခြင်း ပြီးစီးသွားသော အနီးစခန်း-ဖောင်းတော် ကျေးလက်လမ်း၏ လမ်းဘေးဝဲ၊ ယာ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်နေသော Box Culvert လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်၊ ပျိုးခြံနှင့် ပန်းခြံရေထွက်ရေစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးအတွက် ဆောင်ရွက်ပြီးစီးသော ညောင်ပင်ရပ်ကွက်အနီးရှိ ရေစက်ရုံနှင့် ရေစုကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာမြို့နယ် စီးပွားရေးတက္ကသိုလ်အနီးရှိ ရန်ကုန်-မန္တလေးကားလမ်းမကြီးမှ ရိုးကန်-ကန်သာ ကျေးရွာများသို့သွားသည့် ကျောက်ချောလမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်နှင့် ပျိုးခြံတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၈၀)ပြည့်နှစ်ကျောင်းဆင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၈၀) ပြည့်နှစ် ကျောင်းဆင်း ပညာရေးဘွဲ့နှင့် အင်္ဂလိပ်စာ အဓိကဝိဇ္ဇာဘွဲ့ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပုလဲရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉ နာရီနှင့် မိတ်ဆုံညစာစားပွဲကို ယင်းနေ့ ညနေ ၅နာရီတွင် လမ်းမတော်မြို့နယ်ရှိ ပန်ဒါဟိုတယ် ပုလဲခန်းမ၌ ကျင်းပမည် ဖြစ်ပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဒေါ်ကြူကြူ (ဂန္ဓမာ) ဖုန်း-၀၉-၈၀၂၃၇၆၄၊ ဒေါ်နန်းမြသိန်းနွယ် ဖုန်း-၀၅၈-၂၁၀၂၆၊ ဒေါ်စမ်းလှ ဖုန်း-၀၅၂-၂၄၀၈၈၊ ဒေါ်ခင်ကြည် ဖုန်း-၀၅၃-၂၅၀၆၇၊ ဒေါ်သွင်သွင်ရှိန် ဖုန်း -၀၅၇-၂၆၁၈၁၊ ဒေါ်သစ်သစ်ဦး ဖုန်း-၀၁-၅၅၇၆၄၃၊ ဦးလှဟန် ဖုန်း-၀၄၃-၆၅၄၁၅၊ ဒေါ်ခင်လှဝင်း ဖုန်း - ၀၁-၂၉၂၄၀၇၊ ဦးလူယုံကြူး ဖုန်း-၀၁-၇၃၀၂၅၁၀၅နှင့် ဒေါ်နီနီလှိုင် ဖုန်း-၀၉-၅၀၁၆၁၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။

(ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ပြည်မြို့တို့ ဆက်သွယ်သည့် ၁၀၂မိုင်ရှည် တောင်ကုတ်တောင်ကြားလမ်းမကြီးကို နေလသစွာ ဆောက်လုပ်ရေးအဖွဲ့ ကုမ္ပဏီက ရာသီမရွေး ကုန်တင်ကားကြီးများ၊ လူစီးကားများနှင့် လေအိတ်အမြန်ကားကြီးများ သွားလာနိုင်ရန် ပြုပြင်လျက်ရှိရာ ဩဂုတ် ၁၉ ရက်က ယန္တရားများဖြင့် လမ်းပြုပြင်ကျောက်ခင်းနေစဉ်။

(၆၁)

နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံတစ်ဝန်း အချိန်နှစ်နာရီအတွင်း ဗုံးခွဲတိုက်ခိုက်မှု အများအပြားဖြစ်ပွား၍ လူ ၅၀ ကျော် သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၅

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်၍ အဆိုးရွားအပြင်းထန်ဆုံး တိုက်ခိုက်မှုတစ်ရပ်အဖြစ် လမ်းဘေးမိုင်းထောင်ဖောက်ခွဲတိုက်ခိုက်မှု အများအပြားနှင့် ကားဗုံးခွဲတိုက်ခိုက်မှု အရေအတွက် တစ်ဒါဇင်ကျော်တို့ အီရတ်နိုင်ငံတစ်ဝန်း၌ ဖြစ်ပွားခဲ့ရာ လူအမြောက်အမြား သေဆုံးဒဏ်ရာရခဲ့ပြီး ရဲဌာနတစ်ခု ပြိုလဲပျက်စီးကာ မငြိမ်မသက်မှုများ ဖြစ်ပွားခဲ့သည်။

နှစ်နာရီအတွင်း

တောင်ဘက်အစွန်ဆုံးမြို့ ဘာဆရာနှင့် ကာကွတ်မြို့မှသည် မြောက်ဘက် မိုဆူးလ်မြို့အထိဖြစ်သော မြို့ကြီးမြို့ငယ် ၁၃ မြို့တွင် အချိန်နှစ်နာရီအတောအတွင်း ဖြစ်ပွားခဲ့သည့် အဆိုပါ တိုက်ခိုက်မှုများသည် အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များ၏ စစ်ဆင်ရေးများ အပြီးသတ်မည်ဖြစ်ကြောင်း ကြေညာပြီး ရက်သတ္တတစ်ပတ်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုးရွားဆုံး

အဆိုးရွားဆုံး ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်မှာ အီရတ်တောင်ပိုင်း ကွတ်မြို့တွင် ဖြစ်ပွားခဲ့ပြီး လူ ၁၉ ဦး သေဆုံးကာ ၈၇ဦး ဒဏ်ရာရရှိခဲ့သည်။ ဒီယာလာပြည်နယ်တွင် အီရတ်ရဲတပ်ဖွဲ့ ကင်းလှည့်ယာဉ်မှစ၍ ရဲတပ်ဖွဲ့ဝင်များ၏ နေအိမ်များအထိ ပစ်မှတ်များကို အမျိုးမျိုးခွဲ တိုက်ခိုက်ခဲ့သော လမ်းဘေးဗုံးပေါက်ကွဲမှု ငါးရပ်ဖြစ်ပွားခဲ့သည်။ ယင်းအပြင် ပြည်နယ်မြို့တော် ဘာကူဘာတွင် ရုံးစိုက်ထားသော ပြည်နယ်အုပ်ချုပ်ရေးရုံးသည်လည်း ကားဗုံးခွဲတိုက်ခိုက်မှု ခံခဲ့ရသည်။

နိုင်ငံတစ်ဝန်း

ဩဂုတ် ၂၅ ရက် တစ်ရက်တာအတွင်း အီရတ်နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ဗုံးခွဲအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၅၃ ဦး သေဆုံးခဲ့ရာ အများစုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များမှစ၍ အီရတ်သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အီရတ်တာဝန်ရှိသူများကို ဦးတည်၍ ဗုံးခွဲခြင်း၊ အလစ်အငိုက်တိုက်ခိုက်ပြီး ရှောင်ပြေးခြင်းနှင့် တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်မှုများကို ပြုလုပ်လျက်ရှိသည်။

ဆက်ဒမ်ဟူစိန်အစိုးရ ပြိုလဲခဲ့ချိန်မှစ၍ အီရတ်ပြည်သူများ ရရှိခံစားနေရသည်မှာ ပေါက်ကွဲမှုများ၊ လုယက်တိုက်ခိုက်မှုများနှင့် သေဆုံးမှုများသာဖြစ်ကြောင်း အီရတ်နိုင်ငံသားတစ်ဦးက ပြောကြားခဲ့သည်။ ***အင်တာနက်။***

ကာကွတ်မြို့ ကားဗုံးခွဲခဲ့သည့် နေရာအနီး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး။

ဘာဆရာမြို့၌ ကားဗုံးခွဲ တိုက်ခိုက်ပြီးနောက် မြင်ကွင်း။

အာဖဂန်ယာဉ်မောင်း၏ ပစ်ခတ်မှုကြောင့် စပိန်တပ်ဖွဲ့ဝင်များ သေဆုံး

ကဘူး ဩဂုတ် ၂၅

အာဖဂန်နစ္စတန်တွင် တာဝန်ထမ်းဆောင်နေသော စပိန်ရဲတပ်ဖွဲ့၏ ယာဉ်မောင်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသည့် အာဖဂန်နိုင်ငံသားတစ်ဦးသည် ဩဂုတ် ၂၅ ရက်က လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စပိန်အရာရှိနှစ်ဦးနှင့် စကားပြန်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း သိရသည်။

ထိုးဖောက်နေရာယူ

အဆိုပါဖြစ်စဉ်သည် အာဖဂန်အစိုးရဆိုင်ရာ အဖွဲ့အစည်းများအတွင်း ထိုးဖောက်နေရာယူလျက်ရှိသော တာလီဘန်များ၊ ၎င်းတို့နှင့် ပတ်သက်သူများက လုပ်ဆောင်ခဲ့သော တိုက်ခိုက်မှုတစ်ရပ်ဟု ယူဆရကြောင်း အာဖဂန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဘက်ဂျစ်ပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်ခဲ့သူ အာဖဂန်ယာဉ်မောင်းသည်လည်း စပိန်တပ်ဖွဲ့ဝင်များ၏ ပြန်လှန်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။

စိုးရိမ်ဖွယ်ရာ

အာဖဂန်နစ္စတန်တွင် အစိုးရအဖွဲ့အစည်းများအတွင်း ပုံဖျောက်နေရာယူထားသော အာဖဂန်စစ်သွေးကြွများ၏ ပစ်ခတ်တိုက်ခိုက်မှုများသည် အာဖဂန်နစ္စတန်တစ်ဝန်းရှိ နိုင်ငံခြားတပ်ဖွဲ့ဝင်များအတွက် စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ရပ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

၂၀၁၁ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့များ အာဖဂန်မှ စတင်ထွက်ခွာသည့်တိုင် မရိန်းတပ်ဖွဲ့များ နှစ်အနည်းငယ်မျှ ဆက်နေရဖွယ်ရှိ

ကဘူး ဩဂုတ် ၂၅ ။ ။ အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေကို ထိန်းသိမ်းနိုင်ရေးအတွက် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို ယင်းနိုင်ငံ၌ နောင်နှစ်အနည်းငယ်ကြာမျှအထိ ဆက်လက်ထားရှိရဖွယ်ရှိကြောင်း မရိန်းတပ်ဖွဲ့တပ်မှူး ဗိုလ်ချုပ်ကြီး ဂျိမ်းစ်ကွန်ဝေးက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

တာလီဘန်အဖွဲ့နှင့် ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများကို အာဖဂန်တပ်ဖွဲ့များကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိရန် အထိုက်အလျောက် အချိန်ယူရဦးမည်ဖြစ်ကြောင်း အာဖဂန်၏ မြေပြင်တပ်မှူး အမေရိကန်ဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရေးယပ်စ်နှင့် အခြားအမေရိကန်ထိပ်တန်း စစ်ဘက်ခေါင်းဆောင်များက ရှေးဦးမဆွကပင် သတိပေးခဲ့ပြီး ဖြစ်သည်။ အမေရိကန်သမ္မတဘားရက်အိုဘားမားက ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် အမေရိကန်တပ်ဖွဲ့များ အာဖဂန်နစ္စတန်နိုင်ငံမှ စတင်ထွက်ခွာမည်ဖြစ်ကြောင်း အချိန်သတ်မှတ်ခဲ့သည်။ သို့ရာတွင် ထောက်လှမ်းရေးသတင်းများတွင် ဖော်ပြချက်အရ အဆိုပါ ဆုံးဖြတ်ချက်သည် တာလီဘန်များအတွက် အားတက်ဖွယ်သတင်းတစ်ရပ်ဖြစ်နေကြောင်း မရိန်းတပ်ဖွဲ့တပ်မှူး ဗိုလ်ချုပ်ကြီးဂျိမ်းစ်ကွန်ဝေးက ပြောကြားသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန် အနောက်မြောက်၌ စစ်သွေးကြွ ၂၁ဦး လက်နက်ချ

ကဘူး ဩဂုတ် ၂၅ ။ ။ အာဖဂန်နစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဘက်ဂျစ်ပြည်နယ်၌ တာလီဘန်စစ်သွေးကြွ ၂၁ဦးသည် လက်နက်ချပြီး အာဖဂန်အစိုးရနှင့် ပြန်လည်ပူးပေါင်းခဲ့ကြောင်း နေတိုးဦးဆောင်သော တပ်ဖွဲ့က ဩဂုတ် ၂၄ ရက်တွင် ပြောကြားခဲ့သည်။

စစ်သွေးကြွ ၂၁ဦးသည် ဩဂုတ် ၂၂ ရက်က ဘက်ဂျစ်ပြည်နယ်မြို့တော်၌ အာဖဂန်အာဏာပိုင်များထံသို့ လက်နက်ချခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ လက်နက်ချ အလင်းဝင်ရောက်လာသော အဖွဲ့ခေါင်းဆောင်အမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ဘက်ဂျစ်ပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သော အဆိုပါ စစ်သွေးကြွအဖွဲ့သည် ရိုင်ဖယ်များ၊ စက်သေနတ်များ၊ လက်ပစ်ဗုံးများနှင့် လှိုင်းတိုရေဒီယိုများကို အာဖဂန်တာဝန်ရှိသူများထံ အပ်နှံခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တပ်စွဲထားသော နေတိုးတပ်ဖွဲ့နှင့် အာဖဂန်တပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်နေသော တာလီဘန်စစ်သွေးကြွများက အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောဆိုခြင်း မရှိခဲ့ပေ။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အာဖဂန်ကျောင်းသူများ အဆိပ်သင့်စေတတ်သော ဓာတ်ငွေ့ကြောင့် ဆေးကုသမှုခံယူခဲ့ရ

ကဘူး ဩဂုတ် ၂၅

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ အာဖဂန်ကျောင်းသူ ၄၀ ခန့်သည် အဆိပ်ဓာတ်ငွေ့ဟု ယူဆရသော ဓာတ်ငွေ့များကြောင့် နာမကျန်းဖြစ်ခဲ့၍ ဩဂုတ် ၂၅ ရက်တွင် ဆေးရုံသို့ပို့ဆောင် ကုသခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

အမျိုးသမီးများ ပညာသင်ကြားမှုကို ဆန့်ကျင်သော တစ်ယူသန် အစ္စလာမ္မစ်ဝါဒီများ၏ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ဖွယ်ရှိကြောင်း သတင်းများ၏ အဆိုအရ သိရသည်။

အဆိုပါ တိုက်ခိုက်မှုသည် ယခင်က အာဖဂန်မိန်းကလေးကျောင်းများ တိုက်ခိုက်ခံခဲ့ရသည့် ဖြစ်စဉ်များနှင့် တစ်ပုံစံတည်းဖြစ်ကြောင်း အာဖဂန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အာဖဂန်ပညာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ အဆိုအရ ယင်းဖြစ်စဉ်သည် အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှုဖြစ်ကြောင်း ယူဆရပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိပ်ဓာတ်ငွေ့ရှူရှိုက်မိသော အာဖဂန်ကျောင်းသူများ၏ အခြေအနေသည် စိုးရိမ်ဖွယ်မရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သူ့တွင် တာဝန်ရှိသည်ကို အာဖဂန်အစိုးရက ပြောကြားခြင်း မရှိသေးပေ။ ***အမ်အင်အေ၊ ရိုက်တာ။***

ရုရှားလုပ် အမ်အိုင်-၁၇ ရဟတ်ယာဉ်များ အီရတ်ရရှိ

ဘဂ္ဂဒက် ဩဂုတ် ၂၅

အီရတ်တပ်ဖွဲ့များအတွက် အင်အားဖြည့်ရန် ရုရှားနိုင်ငံလုပ် အမ်အိုင်-၁၇ အမျိုးအစား ဘက်စုံသုံး ရဟတ်ယာဉ် တတိယအသုတ်ကို လက်ခံရရှိခဲ့ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

အီရတ်တပ်ဖွဲ့များ အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ဆင်ရေးများ လုပ်ဆောင်ရာတွင် သယ်ယူပို့ဆောင်ရေးနှင့် လေကြောင်းစစ်ကူပေးနိုင်ရေးအတွက် စတုတ္ထမြောက် အမ်အိုင်-၁၇ ရဟတ်ယာဉ်အုပ်စုကိုလည်း အီရတ်နိုင်ငံက ထပ်မံရရှိဦးမည် ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဩဂုတ် ၂၅

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဩဂုတ် ၂၅ရက်အထိသေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၁၀၀ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၉၇၃၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၃၁၀၀ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၇၃၂ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၂၅

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၂၅ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၃၁၂၇ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၂၀၃၁ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၃၁၂၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၂၀၃၁ ဦး

အင်တာနက်။

နိုင်ငံတကာသတင်းများ

နီပေါ၌ လေယာဉ်ပျက်ကျမှု လိုက်ပါလာသူ အားလုံး သေဆုံး

ခတ္တမန္ဒူ ဩဂုတ် ၂၅

ဇဝရက်တောင်အနီးရှိ နာမည်ကျော် တောင်တက်ခရီးစဉ် ဒေသသို့ ပျံသန်းစဉ် ရာသီဥတုဆိုးရွားပြင်းထန်မှုကြောင့် လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ အမေရိကန်လူမျိုးလေးဦး အပါအဝင် ခရီးသည် ၁၄ဦး သေဆုံးသွားကြောင်း နီပေါအာဏာပိုင်များက ပြောကြားသည်။

ဩဂုတ် ၂၄ ရက်က ဖြစ်ပွားသည့် အဆိုပါ လေယာဉ်ပျက်ကျမှုတွင် လေယာဉ်ဝန်ထမ်းသုံးဦး၊ နီပေါခရီးသည် ငါးဦး၊ ဗြိတိသျှတစ်ဦးနှင့် ဂျပန်တစ်ဦးတို့လည်း သေဆုံးသွားခဲ့သည်။

အဂ္ဂနိလေကြောင်းလိုင်းပိုင် ဒေါ်နီယာ အမျိုးအစား ဂျာမနီနိုင်ငံလုပ် အဆိုပါ လေယာဉ်သည် ခတ္တမန္ဒူမြို့တော်၏ တောင်ဘက် မိုင် ၅၀ ခန့်အကွာ၊ ဇဝရက်ဒေသရှိ လုကလာလေဆိပ်သို့ ချဉ်းကပ်ရာတွင် ရာသီဥတုဆိုးရွားနေမှုကြောင့် ခတ္တမန္ဒူသို့ လှည့်ပြန်စဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း နီပေါမြို့ပြလေကြောင်းနှင့် ကမ္ဘာလှည့်ခရီးသွားဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လေယာဉ်သည် လေထုထဲတွင် ပေါက်ကွဲမှုဖြစ်ပြီးနောက် ထိုးကျလာခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက နီပေါရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ပြောကြားသည်။

အင်တာနက်။

အဂ္ဂနိလေကြောင်းလိုင်းမှ ဒေါ်နီယာ အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်း ခတ္တမန္ဒူလေဆိပ် လေယာဉ်ပြေးလမ်းမှ ပျံတက်စဉ်။

ရေဘေးဒဏ်မှ ပြန်လည်နာလန်ထူရန် ပါကစ္စတန် အနည်းဆုံးသုံးနှစ် အချိန်ယူရမည်

အစ္စလာမ္မာဘတ် ဩဂုတ် ၂၅။ ။ ရေလွှမ်းမိုးမှုကြောင့် ခံစားနေကြရသောဒုက္ခမှ ပြန်လည်နာလန်ထူရန် အနည်းဆုံး အချိန် သုံးနှစ်ယူရမည်ဖြစ်ကြောင်း ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီက ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် ရေလွှမ်းမိုးမှုများသည် ပါကစ္စတန်တောင်ပိုင်းဒေသများဆီသို့ ကူးစက်ပျံ့နှံ့လျက်ရှိပြီး လူဦးရေ သန်းပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ရကာ ကောက်ပဲသီးနှံစိုက်ပျိုးဧကပေါင်း သန်းနှင့်ချီ၍ ရေနစ်မြုပ်ခဲ့ရသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ တစ်လကြာမျှ မုတ်သုံမိုး သည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လူဦးရေ ၁၇ သန်းမျှအထိ ဒုက္ခရောက်လျက်ရှိသည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်များအရ အစောပိုင်းဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုများကြောင့် သေဆုံးသူ ၁၆၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

ရေဘေးဒုက္ခနှင့် ပတ်သက်၍ ပါကစ္စတန်အစိုးရ၏ တုံ့ပြန်မှုကို အများကဝေဖန်ခဲ့ကြသော်လည်း ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီက အစိုးရ၏ လုပ်ဆောင်ချက်များကို ကာကွယ်ပြောကြားခဲ့ပြီး ရေဘေးဒဏ်မှ ပြန်လည်နာလန်ထူရန် အချိန်ယူရန်လိုအပ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် ဖြစ်ပွားခဲ့သော ဒုက္ခသုက္ခများကြောင့် စားနပ်ရိက္ခာများကို အင်အားသုံး လုယက်ခြင်းကဲ့သို့သော မငြိမ်မသက်မှုများ ရေဘေးဒဏ်ခံ လူ့အဖွဲ့အစည်းအတွင်း ပေါ်ပေါက်လာမည်ကို စိုးရိမ်နေရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ယီချွမ်မြို့တွင် လေယာဉ်ဆင်းသက်စဉ် ပျက်ကျ

ယီချွမ် ဩဂုတ် ၂၅

တရုတ်နိုင်ငံ၌ ဩဂုတ် ၂၄ ရက်ညပိုင်းတွင် ဖြစ်ပွားခဲ့သော လေကြောင်းမတော်တဆမှုကြောင့် လူ ၄၃ဦး သေဆုံးခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ ကြီးထွားလာသော လေကြောင်းစက်မှုလုပ်ငန်း၏ ချို့ယွင်းချက်များနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ တိုးပွားလာကြောင်း ဩဂုတ် ၂၅ ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါ လေယာဉ်ပျက်ကျမှုသည် တရုတ်နိုင်ငံ၏ လေကြောင်းပျံသန်းမှုသမိုင်းတွင် ကြုံတောင့်ကြုံခဲ ဖြစ်စဉ်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ သို့ရာတွင် ယင်းလေကြောင်း မတော်တဆမှုသည် တရုတ်နိုင်ငံ၏ ကြီးထွားလာသော ခရီးသွားလုပ်ငန်း၏ လိုအပ်ချက်များကို လေကြောင်းလိုင်းများက ဖြည့်ဆည်းရန်လိုအပ်နေခြင်းနှင့် ဒေသန္တရလေဆိပ်ငယ်များတွင် လေယာဉ်အတတ်အဆင်း ပြုလုပ်မှုဆိုင်ရာ ချို့ယွင်းချက်များကို မီးမောင်းထိုးပြနေသည်ဟု ဆိုသည်။

တရုတ်ပြည်တွင်း လေကြောင်းလိုင်းတစ်ခုဖြစ်သော ဟေနန်လေကြောင်းလိုင်းပိုင် ခရီးသည်တင် ဂျက်လေယာဉ်တစ်စင်းသည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ယီချွမ်မြို့အနီးရှိ ပြည်နယ်လေဆိပ်သို့ ရာသီဥတုဆိုးရွားခိုက် ဆင်းသက်ရန် ကြိုးစားစဉ် ပျက်ကျမီးလောင်ခဲ့သည်။

လေယာဉ်ပျက်ကျမှုကြောင့် လိုက်ပါလာသူ ခရီးသည် ၉၆ ဦးအနက် ၄၃ ဦး သေဆုံးခဲ့ပြီး ၅၀ ကျော်မျှ အသက်ရှင်သန်ရာ ရခဲ့သည်။ အဆိုပါလေကြောင်း မတော်တဆမှု ဖြစ်ပွားပြီးနောက် ဟေနန်လေကြောင်းလိုင်းသည် ၎င်း၏ ပျံသန်းမှု ခရီးစဉ်အားလုံးကို ဖျက်သိမ်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Puli Construction Engineering Co.,Ltd. တို့၏ အကြီးစား ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ စီမံကိန်းဆိုင်ရာ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ Mount Pleasant Hotel ၌ ကျင်းပစဉ်။

(သတင်းစဉ်)

အကြီးစားဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံစီမံကိန်း ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးပွဲသို့ ဝန်ကြီး ဦးစိုးသိန်း တက်ရောက်

နေပြည်တော် ဩဂုတ် ၂၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Puli Construction Engineering Co.,Ltd. တို့၏ အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံစီမံကိန်းဆိုင်ရာ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Mount Pleasant Hotel ဥတ္တရသီရိခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong ပြည်နယ် Ministry of Commerce မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Cao Wen၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူးရုံးမှ ဒုတိယအတွင်းဝန် Ms. Zhou Nan၊ Shandong Puli Construction Engineering Co.,Ltd. မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong ပြည်နယ် Ministry of Commerce မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Cao Wen တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ကန်ထရိုက်စာချုပ်ကို မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးသန်းနှင့် Shandong Puli Construction Engineering Co.,Ltd. မှ President, Mr. Liu Jian Ye တို့က လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

ယင်းစီမံကိန်းကို ပဲခူးတိုင်းဒေသကြီးရှိ သာဂရစက်မှုနယ်မြေတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက မြင်းကောင်ရေ ၂၂၀၀ ရှိ ဒီဇယ်အင်ဂျင်များကို တစ်နှစ်အတွင်း စတင်ထုတ်လုပ်မည်ဖြစ်ပြီး ဆက်လက်၍ မြင်းကောင်ရေ ၇၀၀၀ အထိ ဒီဇယ်အင်ဂျင်များကို တစ်ဆင့်ပြီးတစ်ဆင့် ထုတ်လုပ်သွားမည်ဖြစ်သည်။ အဆိုပါ ဒီဇယ်အင်ဂျင်များကို မီးရထားနှင့် ရေယာဉ်များတွင် အသုံးပြုရန် ရည်ရွယ်သည့်အပြင် Co-related Product များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Topcon အမှတ်တံဆိပ် ကုန်ပစ္စည်းမိတ်ဆက်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၅

Concordia Int'l Co.,Ltd. က တင်သွင်းဖြန့်ဖြူးသော နောက်ဆုံးပေါ် နည်းပညာအရည်အသွေးမြင့် Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် (RTK)စနစ်သုံး DGPS များ၊ Geodetic Total Station များ၊ GIS လုပ်ငန်းသုံး လက်ကိုင် GPS များ၊ Digital Theodolite များအပြင် Civilcad Software များအကြောင်းနှင့် အခြားမြေတိုင်း ပစ္စည်းများအကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို ဩဂုတ် ၃၀ ရက် ညနေ ၅ နာရီမှ ၇ နာရီအထိ နေပြည်တော် Hotel ဇုန်ရှိ မြတ်တော်ဝင် Hotel ၌ ကျင်းပမည်ဖြစ်သည်။

Topcon DGPS (RTK) တိုင်းတာရေးစနစ်ဖြင့် လမ်းအူကြောင်းရှာဖွေခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကွန်တိုမြေပုံရေးဆွဲခြင်းလုပ်ငန်းများတွင် အချိန် လူ အင်အား သက်သာစွာ အသုံးပြုနိုင်ခြင်း၊ တိုင်းတာမှုအဖြေမှာလည်း မီလီမီတာ အဆင့်အထိ တိကျမှုရှိခြင်း၊ လက်ကိုင်အမျိုးအစား DGPS စနစ်သုံး GMS-2 မှာပေါ့ပါးခြင်း၊ Satellite မြေပုံများ ထည့်သွင်းနိုင်ခြင်းတို့ကြောင့် တစ်ကမ္ဘာလုံးတွင် တွင်ကျယ်စွာ သုံးစွဲလျက်ရှိသည်။

Topcon အမှတ်တံဆိပ် GPT 7500 Series သည် Reflector မပါဘဲ လူသွားလူလာရန် ခက်ခဲသောနေရာများ၊ အဆောက်အအုံများ၊ ရေကာတာများ၊ ရေလယ်တိုင်နေရာများအား တိုင်းတာနိုင်ခြင်း၊ Touch Screen ပါခြင်း၊ USB Key ဖြင့် တိုင်းတာပြီး Data များကို Download / Upload ပြုလုပ်နိုင်ခြင်း၊ GTS-235 N မှာလည်း တိုင်းတာသည့် အမှတ် (၂၄၀၀၀) တိုင်းတာနိုင်သည့် အပြင် Single Prism ဖြင့် နှစ်မိုင်ပတ်လည်ရှိ အရာဝတ္ထုများ၏ ကိုဩဒိနိတ်နှင့် အကွာအဝေးကို တိုင်းတာနိုင်ခြင်း၊ New Road Software ပါရှိခြင်းကြောင့် လမ်းအူကြောင်း တိုင်းတာမှုတွင် အလွန်အသုံးဝင်သော ပစ္စည်းဖြစ်ခြင်း၊ Total Station အမျိုးအစားတစ်ခုဖြစ်သော TKS-202 မှာ ဈေးနှုန်းသက်သာခြင်း၊ ဘက်ထရီအစားနှုန်းသက်သာခြင်း၊ Single Prism ဖြင့် ပေ ၆၀၀၀ တိုင်းတာနိုင်ပြီး အိမ်နီးချင်း နိုင်ငံများတွင် လူကြိုက်များသော Topcon နည်းပညာလုပ် Total Station ဖြစ်သည်။

Topcon အမှတ်တံဆိပ် Civilcad Software သည် ကိုဩဒိနိတ်အမှတ်များကို အခြေခံ၍ ကွန်တိုရေးဆွဲခြင်း၊ Cross Section ရေးဆွဲခြင်း၊ Volume Calculation တွက်ပေးခြင်း ဒီဇိုင်းလုပ်ငန်းများအား အချိန်တိုအတွင်း ရေးဆွဲပေးနိုင်သည်။

မိတ်ဆက်ရှင်းလင်းပွဲ အထူးအစီအစဉ် အဖြစ် GPS များ၊ ကွန်ပျူတာများ၊ လက်ကိုင်ဖုန်းများတွင် ကွန်တိုမြေပုံနှင့် မြို့ကြီး ၂၅ မြို့ မြေပုံကို ဈေးနှုန်းသက်သာစွာဖြင့် ထည့်သွင်းပေးမည်ဖြစ်သည်။

အထက်ဖော်ပြပါ မြေတိုင်းပစ္စည်းများသည် မြန်မာနိုင်ငံရာသီဥတုနှင့် ကိုက်ညီသည့် ရေစိုခံခြင်း၊ ဖုန်နှင့် သဲဒဏ်ခံနိုင်ခြင်းကြောင့် အလွန်ခံနိုင်ရည်မြင့်မားသော ပစ္စည်းများဖြစ်ပြီး စက်အားလုံးအတွက် တစ်နှစ်အာမခံ ပေးထားသည့်အပြင် Service Center များကို ရန်ကုန်မြို့တွင် ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၇၃၀၀၉၂၂၃၊ ၇၃၀၀၉၂၀၇နှင့် ၀၉-၅၀၀၅၉၁၂နှင့် Fax-၅၄၄၁၉၉၊ မန္တလေးမြို့တွင် SY အဆောက်အအုံလမ်း(၃၀) ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၂၈၊ ၆၉၃၀၃နှင့် ၀၉-၅၀၆၇၁၇၂၊ နေပြည်တော်တွင် အမှတ်(၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၁၈၉၊ ၄၂၁၃၆၂၊ ၀၉-၄၉၂၀၀၉၅၁နှင့် ၀၉-၄၉၂၀၀၉၅၂ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဒသမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဒသမအကြိမ်ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၂၅

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဒသမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီ တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဒုတိယ တရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က အမှာစကားပြောကြားပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးအတွက် Plan of Action (မူကြမ်း)အပေါ် သုံးသပ်ခြင်းနှင့် ကော်မတီ၏ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ဆွေးနွေးပေးကြရန် မှာကြားသည်။

ထို့နောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ငွေသိန်းကကော်မတီ၏ လုပ်ငန်းအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့်အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ဝင်များက Plan of Action (မူကြမ်း) အပေါ် သုံးသပ်ခြင်းနှင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် ရိပ်သာ(၁)လမ်း ဝေဇယန္တာဥယျာဉ်နေ ကွယ်လွန်သူဖခင်ကြီးဦးတင်အောင် - မိခင်ကြီး ဒေါ်ခင်ငွေး၊ မောင်လေးမြတ်ထွဋ်အောင်(ဂွမ်းပုံ)တို့အားရည်စူး၍ သားသမီးမြေးတစ်စုတို့က ဆွမ်းပဒေသာပင်၊ဆေးပဒေသာပင်၊ လေးထပ်ဘိုးဘွားဆောင်နှင့် ရေလှောင်ကန်သစ်ကြီးအတွက် ငွေကျပ်၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းပေး

နေပြည်တော် ဩဂုတ် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ က ကြီးမှူး၍ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ရက် မွန်းလွဲပိုင်းတွင် နမ့်စန်မြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လွိုင်လင်ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ ၅၂၄ ဦး တက်ရောက်ကြသည်။

အစီအစဉ်အရ ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် လွိုင်လင်ခရိုင်တာဝန်ခံ ဦးစိုင်းထွန်းမြက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ပြည်နယ်ဥပဒေအရာရှိ ဦးမောင်မောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီတို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ခရိုင်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းတင်က မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းလမ်းညွှန်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်အောင်လေးက မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို အသေးစိတ် ဆွေးနွေးပို့ချကာ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များက မဲပေးပုံကို လက်တွေ့သရုပ်ပြသည်။

အလားတူ ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များသည် ဩဂုတ် ၂၂ ရက် နံနက် ၉နာရီတွင် လွိုင်လင်ခရိုင်အစည်းအဝေးခန်းမ၌ လွိုင်လင်မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ်ရှိ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့် သဘာဝမြစ်ချောင်းများအတွင်း ငါးသားပေါက်များ လွှတ်ပေး

နေပြည်တော် ဩဂုတ် ၂၅

မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပွဲကို ဩဂုတ် ၁၇ ရက်က ဝါးခယ်မမြို့နယ် ဦးကြီးတော် ကျေးရွာအုပ်စု လယ်သမားကြီး ဦးတင်အေး၏ လယ်မြေငါးဧက စံပြကွက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး၊ ဦးအုန်းဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များ၊တောင်သူဦးကြီးများ တက်ရောက်ကြပြီး တီလားပီးယား ၁၀၀၀၀၊ ငါးခုံးမကြီး ၆၆၅၀၀ စုစုပေါင်း ၇၆၅၀၀ ကောင်အား မျိုးစိုက်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အလားတူ သဘာဝမြစ်ချောင်းအတွင်း ငါးသားပေါက်များ ထည့်လွှတ်ခြင်း အခမ်းအနားကို ဝါးခယ်မမြစ်နှင့် ရွှေလောင်းဆက်သွယ်သည့် တူးမြောင်းအတွင်း ဆက်လက်ကျင်းပရာ ငါးခုံးမကြီး ကောင်ရေ ၅၀၀၀၀ ကို မျိုးစိုက်ထည့်လွှတ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှု၊ မိသားစု အသေးစားချေးငွေလုပ်ငန်း၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဩဂုတ် ၂၈ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခ ဦးကျော်ဇောနိုင်က "မူပိုင်ခွင့်"ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ်များတွင် ငွေစက္ကူအဟောင်းများ လဲလှယ်နိုင်

ရန်ကုန် ဩဂုတ် ၂၅

ပြည်သူများ လက်ဝယ်တွင် လှည့်လည်သုံးစွဲနေသော ဟောင်းနွမ်း ငွေစက္ကူများကို သတ်မှတ်ချက်များနှင့် ပြည့်စုံသော ငွေစက္ကူများဖြစ်ပါက ရန်ကုန်မြို့ အမှတ်(၁၉၈/၁၉၉) ဗိုလ်ဆွန်ပက်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်လုပ်ငန်းဌာနခွဲ ငွေစက္ကူလဲလှယ်ရေး ကောင်တာနှင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲအသီးသီးတို့၌ ၁၀ိ/- တန်မှ ၅၀၀ိ/- တန် အထိကို တန်ဖိုးတူချင်း အဟောင်းနှင့်အသစ် လက်ခံလဲလှယ်ပေးလျက်ရှိရာ ၂၀၀၉ခုနှစ် ဩဂုတ် ၃ ရက်မှစ၍ ယနေ့အထိ ပြည်သူများသို့ ငွေကျပ်သန်းပေါင်း ၁၉၀၀ ကျော် လဲပေးပြီးကြောင်း သိရှိရသည်။

ထို့ပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီများနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများ၏ ဈေးများဌာနတို့သို့လည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ တန်ဖိုးငယ်ငွေစက္ကူများကို အပတ်စဉ် တိုက်ရိုက်ဖြန့်ဖြူးလဲလှယ်ပေးလျက်ရှိသည်။ ရန်ကုန်မြို့ရှိ ကုန်တိုက်ကြီးများ၊ ပန်းခြံများ၊ ကစားကွင်းများ၊ စတိုးဆိုင်များ၊ ရုပ်ရှင်ရုံများ အပါအဝင် စီးပွားရေးလုပ်ငန်းများသို့လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ(ရန်ကင်း)၌ တန်ဖိုးငယ်ငွေစက္ကူအသစ်များကို လိုအပ်ချက်အပေါ်မူတည်၍ စိစစ်လဲလှယ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"သီလ၏တန်ဖိုး" တရားတော် [ဆရာတော်အရှင်ခေမိန္ဒ (စစ်ကိုင်း-ခင်မကန်)]
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၉)**
၈း၃၅	7 Golden Girls Live Show (Part-4)
၉း၂၅	Activities In the City [နေပြည်တော်ပျဉ်းမနားမြို့နယ် အသင်း(ရန်ကုန်)၏ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ]
၉း၃၅	Science For All (လေကြောင်းပို့ဆောင်ရေး၏ စာမျက်နှာသစ်များ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဇင်အောင်)
၁၀း၂၀	ပေါင်းစည်းမှုများနှင့် လှိုင်အနုရသ
၁၀း၃၅	မြစ်အားလုံး၏ဆုံရာ မဟာသမုဒ္ဒရာ
၁၀း၅၅	The Champion of Dance
၁၁း၂၅	လှမ်းခဲ့ပါဆွေ "မနောမြေ"
၁၁း၃၅	မြန်မာ့ "အိုး"
၁၁း၄၅	စိတ်၏စွမ်းအား Aikido အားကစား
၁၂း၀၅	ဗီတာမင်ဘီဝမ်းခတ်ချို့တဲ့မှု ကာကွယ်ရေးအကြောင်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
၁၂း၄၀	ပေါင်းစည်းမှုများနှင့် လှိုင်အနုရသ
၁း၀၀	"သီလ၏တန်ဖိုး" တရားတော် [ဆရာတော်အရှင်ခေမိန္ဒ (စစ်ကိုင်း-ခင်မကန်)]
၂း၀၀	MRTV-4 သတင်း
၂း၄၅	2010 Summer Youth Olympics
၃း၁၅	Activities In the City [နေပြည်တော်ပျဉ်းမနားမြို့နယ် အသင်း(ရန်ကုန်)၏ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ]
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၉)**
၄း၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အသည်းကွဲဒယ်ဒီ"
၄း၄၀	ရန်ကုန်မြင်ကွင်းကျယ် (Sofy Idol Search 2010)
၄း၅၅	မြစ်အားလုံး၏ဆုံရာ မဟာသမုဒ္ဒရာ
၅း၁၅	ဂီတသရုပ်ပြခန်း (ညွှန့်လှိုင်လှိုင်-ပန်သစ္စာ အမှန်ဟစ်စရာတေးများ)
၅း၃၅	အနုပညာမိုးကောင်းကင်
၆း၀၀	MRTV-4 သတင်း
၆း၂၀	2010 Summer Youth Olympics
၆း၅၀	ရန်ကုန်မြင်ကွင်းကျယ် (Dumex အာဟာရနို့မှုန့်ရဲ့ ပဟေဠိပြိုင်ပွဲ)
၇း၀၀	7 Golden Girls Live Show (Part-5)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဂီတသရုပ်ပြခန်း (ညွှန့်လှိုင်လှိုင်-ပန်သစ္စာ အမှန်ဟစ်စရာတေးများ)
၈း၅၅	ရန်ကုန်မြင်ကွင်းကျယ် (Sofy Idol Search 2010)
၉း၀၅	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၉)**
၁၀း၀၀	The Champion of Dance
၁၀း၃၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အသည်းကွဲဒယ်ဒီ"
၁၁း၀၀	Sports World
၁၁း၂၅	ရန်ကုန်မြင်ကွင်းကျယ် (Dumex အာဟာရနို့မှုန့်ရဲ့ ပဟေဠိပြိုင်ပွဲ)
၁၁း၃၅	လူငယ် IT ပညာရှင်များနှင့် Software Engineering
၁၂း၀၀	ကျော်သွားမှာလား ဖော်စားမှာလား [ခန့်စည်သူ၊ ဦးစောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင်] (ဒါရိုက်တာ-အကယ်ဒမီ မလိခစိုးထိုက်အောင်)
၁၂း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့် အကအဖွဲ့များ ဒေသခံပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ကခုန်ဆင်နွှဲ

❒ ရှေ့ဖုံးမှ

နယ်ခြားစောင့်တပ်မှ အရာရှိများအား တပ်မတော်၏ ရာထူးအဆင့် တံဆိပ်များကို တပ်ဆင်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးမြှင့်ငွေများကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့က ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူးက လက်ခံသည်။

စုပေါင်းကခုန်

ဆက်လက်၍ နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များသည် အကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြသည်။

ထို့နောက် တိုင်းမှူးက တိုင်းရင်းသား အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များသည်တပ်ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်အဖြစ် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့်အတူစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းသည့် အခမ်းအနားကို စစ်ရေးပြကွင်းအနီးရှိ စုပေါင်းခန်းမ၌ ကျင်းပခဲ့ပြီး နယ်ခြားစောင့်တပ် တပ်ဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကားပြောကြားကြကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယခုကဲ့သို့ ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသတွင် နယ်ခြားစောင့်တပ်ဖွင့်လှစ်နိုင်ခြင်းကြောင့် တာဝန်ထမ်းဆောင်ခွင့်ရရှိတော့မည့် တပ်ဖွဲ့ဝင်များက ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ ဒေသတွင် လုံခြုံမှုပိုမိုရရှိကာ လူနေမှုဘဝ ပိုမိုတိုးတက်လာစေမည် ဖြစ်သည့်အတွက် ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ရာထူးအဆင့်တံဆိပ်တပ်ဆင်

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြစဉ်။

(သတင်းစဉ်)

ပျော်ရွှင်စွာ စုပေါင်း ကခုန်ဆင်နွှဲ

ကြာအင်းဆိပ်ကြီး မြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ် ဖွင့်ပွဲ အခမ်းအနားတွင် နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များ၊ အကအဖွဲ့များ၊ ဒေသခံပြည်သူများ ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၈-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၅။	အကပဒေသာ
၈း၁၅	၆။	အဆိုပြိုင်ပွဲ
၈း၂၅	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀	၈။	International News
၈း၄၅	၉။	တေးဂီတအစီအစဉ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀	၁။	Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် ဧသာယူနိုက်တက် F.Cနှင့် မနောမြေ F.C
၅း၀၀	၂။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၁၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
၅း၂၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၃၀	၅။	"ကြို့တင်ပြင်ဆင်ဆောင်ရွက် လျှင်အန္တရာယ်ကင်းစင် မွေးမိခင်"
၅း၄၅	၆။	တေးဂီတအစီအစဉ်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၁၅	၈။	မိုးလေဝသအခြေအနေ
၆း၂၀	၉။	**ပျော်ရွှင်စေသော နေ့ရက်များ "ချစ်သူ့ကော်ဖီ" (အပိုင်း-၂၀) (ငြိမ်းချမ်း၊ နန်းဆုရတီစိုး၊ ဇော်ဇော်အောင်၊ ယုဇန ဗိုလ်မြင့်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
၆း၄၀	၁၀။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၂၈)**
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**မနေ့ကသည်နေ့နဲ့ မနက်ဖြန်**
	၁၆။	**(L-ဆိုင်းဇီ၊ သရုပ်ဆောင်-နန်းဆုရတီစိုးနှင့်အဖွဲ့၊ တေးရေး-ဒီနေ့ပုဏ္ဏက)**
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၇၂)**
	၁၈။	အစီအစဉ်ပြီး၏။

လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြော

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးသေးစစ်ဌာနစုမှ ဌာနစုမှူး ဒုတိယရဲမှူးမြင့်အောင်နှင့်အဖွဲ့သည် ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီမှ ၁၁နာရီ ၁၅ မိနစ်အထိ မရမ်းကုန်းမြို့နယ်ရှိ Total E&P Myanmar ကုမ္ပဏီရှိ ဝန်ထမ်းနှင့် ယာဉ်မောင်း ၃၅ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ အသိပညာပေး ဆွေးနွေး ဟောပြော ပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင်

မျက်မှောက်နှင့် အနာဂတ်အကျိုးနှစ်ရပ်ဖော်ဆောင်မည့် အထူးစီမံကိန်းများ

ကျော်မျိုးနောင်

ပြည်ထောင်စုမြန်မာနိုင်ငံသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းလျက်ရှိရာ ပန်းတိုင်ကို လှမ်းကိုင်နိုင်ရန် လက်တစ်ကမ်းအကွာအဝေးသို့ပင် ရောက်ရှိနေပြီဖြစ်ပေသည်။ နိုင်ငံတော်သည် ယခင်က အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန တိုးချဲ့ဖွင့်လှစ်၍ နယ်စပ်ဒေသ၏ လူမှုရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် (Infrastructures)တိုးမြှင့်တည်ဆောက်ပေးခြင်း စသည်တို့ကို စဉ်ဆက်မပြတ် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ရာ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကိုလည်း တွေ့မြင်နေရပြီဖြစ်ပါသည်။

တည်ဆဲအစိုးရအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲပြီးလျှင် ဒီမိုကရေစီနည်းလမ်းကျကျ ပေါ်ပေါက်လာမည့်အစိုးရကို နိုင်ငံတော်၏ တာဝန်များ လွှဲပြောင်းရတော့မည်ဖြစ်သော်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုး၊ နိုင်ငံတော်၏အကျိုးကို မျှော်မှန်းလျက် ကဏ္ဍအသီးသီး၌ ဆောင်ရွက်လျက်ရှိသောအရှိန်အဟုန်များကို လျှော့ချခြင်းမပြုဘဲ အားနှင့်မာန်နှင့် ဆောင်ရွက်ဆဲ၊ မေတ္တာစေတနာဖြင့် အားထုတ်ဆဲပင်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။ အခက်အခဲ အကျပ်အတည်းများကို ကြုံတွေ့ဖြတ်သန်းခဲ့ရသည့်တိုင် နိုင်ငံအတွက် အခြေခံကောင်းများ ချမှတ်ပေးနိုင်သကဲ့သို့ ဖြစ်ထွန်းလာခဲ့သော ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကိုလည်း ပြည်သူများ စားသုံးနိုင်ခဲ့ပြီဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် ရှေ့သို့တိုးတက်လျက်ရှိရာ ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့လူမျိုးများအနေဖြင့် အခြားကမ္ဘာ့နိုင်ငံများ နည်းတူ အဆင့်အတန်းမီအောင်၊ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်နေအောင် ကြိုးပမ်းနေကြရမည်ဖြစ်ပါသည်။ အသိတရား ခံယူချက်များဖြင့် နိုင်ငံကို အဆင့်အတန်းရှိသောနိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်အောင် ကဏ္ဍအလိုက် ဖိဖိစီးစီး ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းမှာ ဒိဋ္ဌလက်ငင်းအကျိုးသာမက နောင်လာနောက်သားများအတွက်၊ အနာဂတ်အတွက် အခြေခံကောင်းများ တည်ဆောက်ခြင်း ဖြစ်သည်ဟုလည်း ဆိုချင်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရသည် ရေတိုတိုးတက်မှုအဖြစ် ပြယုဂ်သက်သက်သာ ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပေ။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်မှု ကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ စသည့် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံတွင် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်ရုံမျှမက ရေရှည်တည်တံ့ခိုင်မြဲအောင်၊ ရေရှည်ဆောင်ရွက်နိုင်အောင် အခြေခံကောင်းများပါ တည်ဆောက်ခဲ့ပြီး ဆက်လက်တည်ဆောက်ဆဲလည်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် စနစ်တကျ စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ အထူးစီမံကိန်းလုပ်ငန်းကြီးများသည် အဓိကကျသော အခန်းကဏ္ဍတွင် တည်ရှိနေလေသည်။ အဆိုပါ အထူးစီမံကိန်းကြီးများသည် နိုင်ငံတော်အတွက် ရေတိုရေရှည် အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းကြီးများ ဖြစ်ပေသည်။

ယခုနှစ် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးပြီးနောက် နိုင်ငံတော်အတွက် အရေးကြီးသော အထူးစီမံကိန်းများ ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စီမံကိန်းလေးခု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ ပထမစီမံကိန်းဖြစ်သော ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် တာလီရေလွှဲဆည်သည် တာလီချောင်းပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး အဆိုပါ ရေလွှဲဆည်ကြောင့် မိုးမောက်မြို့နယ် နွယ်လန်းကျေးရွာတစ်ဝိုက် လယ်မြေဧက ၃၅၀၀ နီးပါးကို ရေပေးဝေနိုင်မည် ဖြစ်သည်။ ကချင်ပြည်နယ်ကို မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီအဖြစ် ဆောင်ရွက်မည့် အစီအမံအတွက်ပါ များစွာအထောက်အကူဖြစ်မည် ဖြစ်ပါသည်။

ဒုတိယစီမံကိန်းမှာ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အိုင့်ကြီးကျေးရွာအနီး စာကြိုချောင်းပေါ်တွင် မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက် အကောင်အထည်ဖော်သွားမည့် စာကြိုရေလှောင်တမံစီမံကိန်းပင်ဖြစ်သည်။ "ရွှေကိုမလို၊ ငွေကိုမလို ရေကိုသာလိုသည်"ဆိုသည့် ဤဒေသအဖို့ သောက်သုံးရေအပြင် ဒေသစိမ်းလန်းစိုပြည်ရေးအတွက်ပါ များစွာ အထောက်အကူဖြစ်မည့် စီမံကိန်းဖြစ်သည်။ စိုက်ပျိုးမြေဧရိယာ ၁၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပေသည်။

တတိယစီမံကိန်းမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ကျန်ကျေးရွာအနီး နမ့်ကျန်ချောင်းပေါ်တွင် တည်ဆောက်မည့် နန့်ကျန်ရေလှောင်တမံ စီမံကိန်းဖြစ်သည်။ ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားပင်ဖြစ်၏။ လားရှိုးမြို့နယ်အတွင်း မြေဧရိယာ ၁၇၉ ဧကကို ရေပေးဝေနိုင်မည့်အပြင် လားရှိုးမြို့ပေါ်ရပ်ကွက် ငါးခုသို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသည့် ရေကန်တောင်ရှိ ရေကန်ပေါင်း ၂၀ အတွင်းသို့ ရေများဖြည့်သွင်းပေးနိုင်မည် ဖြစ်ပေသည်။

စတုတ္ထစီမံကိန်းမှာ ဆီမီးခုံ(၃)လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီးတွင် ဆောင်ရွက်မည်ဖြစ်ပြီး ရေပေါ်ရေတင်စက်ရုံနှစ်ရုံ တည်ဆောက်၍ ရေစုပ်စက် လေးလုံးဖြင့် ဧရာဝတီမြစ်ရေကို ကမ်းပါးပေါ်သို့တွန်းတင်ကာ ထပ်ဆင့် ရေတင်အဆင့်ငါးဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ဤဒေသသည်လည်း မကွေးတိုင်းဒေသကြီးအတွင်း စာကြိုရေလှောင်တမံရေသောက်မည့် နယ်မြေဒေသကဲ့သို့ပင် ရွှေထက်ငွေထက် ရေကိုမက်ကြသည်။ ခြောက်သွေ့ပြီး ရေရှားပါးသည့် နွားထိုးကြီးမြို့နယ်အတွင်း သောက်သုံးရေဖြည့်ဆည်းပေးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ဖြည့်စွက်ပေးရေးတို့အတွက် ရည်မှန်းထားသည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြစ်သည်။ ဤစီမံကိန်းဖြင့် နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်ခုမှ စိုက်ပျိုးမြေဧရိယာ ဧက ၁၅၀၀၀ ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်သည်ဟု ခန့်မှန်းထားလေသည်။

ဤနေရာတွင် စာရေးသူလေ့လာမိသည်များကို ထည့်သွင်းတင်ပြလိုပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်က နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ လယ်မြေအများအပြား ပျက်စီးခဲ့ရသည့်တိုင် ဝမ်းစာပြဿနာမရှိခဲ့။ ဖူလုံလောက်ငခဲ့သည်။ ၂၀၀၉ ခုနှစ်တွင်ကား ဧရာဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေးလုပ်ငန်းများ ပုံမှန်နီးပါးပြန်ဖြစ်လာမှု၊ အခြားဒေသများတွင်လည်း ရေမိုးသင့်တင့်ကာ စပါး အထွက်ကောင်းမှု၊ မြစ်ရေတင်နှင့် ဆည်ရေများရရှိမှုတို့ကြောင့် ပြည်တွင်းဖူလုံလောက်ငရုံမျှမက ပြည်ပနိုင်ငံများသို့ပင် တင်ပို့ရောင်းချနိုင်ခဲ့သည်။ သို့ရာတွင် ယနေ့ကမ္ဘာကြီး၏ နေရာအနှံ့တွင် ဖြစ်ပျက်ပြောင်းလဲနေသော ရာသီဥတုအခြေအနေများကိုလည်း လေ့လာသင့်လှသည်။ အပူချိန် ရေခဲမှတ်အောက်များစွာ ရောက်လျက်ရှိသည့် ရုရှားနိုင်ငံတွင် တောမီးများ လောင်ကျွမ်းလျက်ရှိနေသည်။ တရုတ်နိုင်ငံတွင် ရေကြီးမြေပြိုမှုများကြောင့် စိုက်ပျိုးမြေများစွာ ပျက်စီးပြီး လူအမြောက်အမြား သေကျေပျက်စီးခဲ့သည်။ ပါကစ္စတန်နိုင်ငံတွင်လည်း ရေကြီးလျက်ရှိပြီး လူသန်း ၂၀ ကျော် ရေဘေးဒုက္ခသင့်နေသည်။ တရုတ်နိုင်ငံကဲ့သို့ပင် လယ်ယာမြေများစွာ ပျက်စီးခဲ့ရ

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာအနီးရှိ ကန့်ဒေါင့်ရေလှောင်တမံကို တွေ့ရစဉ်။

သည်။ အာရှတိုက်...
ရေကြီးလျက်ရှိရာ စ...
စိုက်ပျိုးမြေများ ထိ...
လာမည်ဖြစ်၏။

စားနပ်ရိက္ခာ...
အလွန်အရေးကြီး...
ဆောင်ရွက်နိုင်ခြင်း...
ကြောင့် ထိခိုက်နိုင်...
စိုက်ပျိုးရေး၏ အဓိ...
ကြိုတင်စီမံထားခြင်...
သည့်အပြင် ရာသီဥ...

ရိက္ခာလုံခြုံမှုပေးနိုင်...
ရုံမက ပိုလျှံလာမည်...
အခြားကမ္ဘာ့နိုင်ငံမျ...
သည်။

စီမံကိန်းနှင့် ...
အကြောင်းမှာ ငွေ...
အကျိုးပြုစိုက်ပျိုးမြေ...
ထင်မြင်စရာရှိသော...
တံတားများ ဖောက်...
ခဲ့ရာ ယင်းတို့အက...
အကျိုးအမြတ်နည်း...
ဆောင်ရွက်မှုများသ...
အကျိုးတစ်ခုတည်း...
လက်ရှိနိုင်ငံတော်အ...
နှင့် ရေရှည်အကျိုး...
သည့်တိုင် ပြည်သူအ...
အစိုးရ၏ ပြည်သူနှ...
ဖြစ်ပါသည်။

အမှတ်(၂) စ...
များအပြင် ဆက်လ...

ဘက်စုံသုံး ...
ခံ့ညားထည်ဝါစွာ...

န်းများ

ကာ ထပ်ဆင့် ရေတင်
ဒေသသည်လည်း မကွေး
တက်မည့် နယ်မြေဒေသ
ခြောက်သွေ့ပြီး ရေရှားပါး
ည့်ဆည်းပေးရေး၊ ဒေသ
ရေးတို့အတွက် ရည်မှန်း
ရှိစီမံကိန်းဖြင့် နွားထိုးကြီး
မြေဧရိယာ ဧက ၁၅၀၀၀
လေသည်။
ားကို ထည့်သွင်းတင်ပြ
ဂစ်ဆိုင်ကလုန်းမုန်တိုင်း
မြေအများအပြား ပျက်စီး

င်ခဲ့သည်။ ၂၀၀၉ ခုနှစ်
းလုပ်ငန်းများ ပုံမှန်နီးပါး
င့်တင့်ကာ စပါး အထွက်
ကြောင့် ပြည်တွင်းဖူလုံ
င်ပို့ရောင်းချနိုင်ခဲ့သည်။
ပျက်ပြောင်းလဲနေသော
သည်။ အပူချိန် ရေခဲမှတ်
င်ငံတွင် တောမီးများ
ကြီးမြေပြိုမှုများကြောင့်
သေကျေပျက်စီးခဲ့သည်။
ာန်း ၂၀ ကျော် ရေဘေး
ာမြေများစွာ ပျက်စီးခဲ့ရ

သည်။ အာရှတိုက်သာမက အမေရိကတိုက်ရှိ ဘရာဇီးနိုင်ငံတွင်လည်း ရေကြီးလျက်ရှိရာ စိုက်ပျိုးမြေအများအပြား ပျက်စီးရပြန်လေသည်။ ထိုသို့ စိုက်ပျိုးမြေများ ထိခိုက်ပျက်စီးရသည်နှင့်အမျှ စားနပ်ရိက္ခာကိုပါ ထိခိုက်လာမည်ဖြစ်၏။

စားနပ်ရိက္ခာလုံခြုံရေးကိစ္စသည် ကမ္ဘာမှာသာမက မြန်မာနိုင်ငံတွင်ပါ အလွန်အရေးကြီး၏။ ယခုကဲ့သို့ ရေလှောင်တမံစီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်ခြင်းသည် ဖောက်ပြန်ပြောင်းလဲလာနိုင်သည့် မိုးလေဝသကြောင့် ထိခိုက်နိုင်ခြေများကို ကြိုတင်စီစဉ် ကာကွယ်ခြင်းပင်ဖြစ်လေသည်။ စိုက်ပျိုးရေး၏ အဓိကလိုအပ်ချက်ဖြစ်သော ရေရရှိရေးအတွက် ယခုကဲ့သို့ ကြိုတင်စီမံထားခြင်းဖြင့် စားနပ်ရိက္ခာများ ပြည့်ပြည့်စုံစုံ ထုတ်လုပ်ပေးနိုင်ခဲ့သည့်အပြင် ရာသီဥတုဖောက်ပြန်သည့်တိုင် နိုင်ငံသူ၊ နိုင်ငံသားများကို စားနပ်

ရိက္ခာလုံခြုံမှုပေးနိုင်မည်ဖြစ်လေသည်။ ဤသို့ဖြင့် ပြည်တွင်း၌ ဖူလုံလောက်ငရုံမက ပိုလျှံလာမည်ဖြစ်ရာ ကမ္ဘာ့စားနပ်ရိက္ခာ မလုံမလောက်ဖြစ်နေသော အခြားကမ္ဘာ့နိုင်ငံများအတွက်လည်း အထောက်အပံ့ဖြစ်လာမည် ဖြစ်ပါသည်။

စီမံကိန်းနှင့် ပတ်သက်၍ အနည်းငယ် ဖြည့်စွက်တင်ပြလိုပေသည်။ အကြောင်းမှာ ငွေကြေးအကုန်အကျများစွာ ကျခံဆောက်လုပ်သော်လည်း အကျိုးပြုစိုက်ပျိုးမြေဧရိယာနှင့် အခြားအကျိုးပြုမှုများ နည်းလွန်းလှသည်ဟု ထင်မြင်စရာရှိသောကြောင့်ဖြစ်၏။ ဗြိတိသျှအစိုးရလက်ထက်က လမ်း၊ တံတားများ ဖောက်လုပ်တည်ဆောက်ပြီး စီးပွားရေးလုပ်ငန်းများ ထူထောင်ခဲ့ရာ ယင်းတို့အကျိုးအမြတ်ကိုသာ ဦးတည်ခဲ့သဖြင့် အရင်းအနှီးများပြီး အကျိုးအမြတ်နည်းမည့်လုပ်ငန်းများကို ရှောင်ရှားခဲ့လေသည်။ ဗြိတိသျှတို့၏ ဆောင်ရွက်မှုများသည် ပြည်သူ့အကျိုး လုံးဝထည့်မတွက်ဘဲ ၎င်းတို့၏ အကျိုးတစ်ခုတည်းကိုသာ ရှေ့တန်းတင်ထားကြောင်း သိသာလှသည်။ လက်ရှိနိုင်ငံတော်အစိုးရသည်ကား ပြည်သူတို့၏ လက်ငင်းအကျိုးကျေးဇူးနှင့် ရေရှည်အကျိုးကျေးဇူးကို ကြည့်လျက် Operation Ratio နှင့် မကိုက်ညီသည့်တိုင် ပြည်သူ့အတွက် ဆောင်ရွက်မည်သာဖြစ်၏။ ဤကား နိုင်ငံတော်အစိုးရ၏ ပြည်သူနှင့် နိုင်ငံတော်အပေါ် ထားရှိသော စေတနာတရားများပင် ဖြစ်ပါသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် ယခင်ဆောင်ရွက်ဆဲစီမံကိန်းများအပြင် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းသုံးခုရှိကြောင်း သိရှိရပါ

ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ(သာဂရ)ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

သည်။ ပထမစီမံကိန်းမှာ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ စက်မှုကုန်ပစ္စည်းများ ထုတ်လုပ်ရေးတွင် မရှိမဖြစ်လိုအပ်သည့် Hydraulic Press တိုးချဲ့ထုတ်လုပ်ရေး စီမံကိန်းဖြစ်သည်။ သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ပူးတွဲအကောင်အထည်ဖော်မည့် စီမံကိန်းဖြစ်လေသည်။ ထုတ်လုပ်ရာတွင် ဈေးကွက်၏ လိုအပ်ချက်အရ တန် ၁၀၀၊ တန် ၁၅၀၊ တန် ၃၀၀၊ တန် ၅၀၀၊ တန် ၈၀၀၊ တန် ၁၀၀၀ အထိ Hydraulic Press များကို တစ်နှစ်လျှင် အလုံး ၁၀၀ ထုတ်လုပ်သွားရန် လျာထားပြီးဖြစ်ပါသည်။

ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး တည်ဆောက်ပေးထားသော ပေါင်းလောင်းရေလွှဲဆည်ကို တွေ့ရစဉ်။

ဒုတိယစီမံကိန်းမှာ ၁၀ တန်မှ ၁၅ တန်အထိရှိသော Medium Truck (TE 31) ထုတ်လုပ်မှုစီမံကိန်း ဖြစ်ပါသည်။ ရန်ကုန်မြို့ရှိ အမှတ် (၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံတွင် ထုတ်လုပ်မှုလိုင်းအသစ်များ ထပ်မံတပ်ဆင်၍ ထုတ်လုပ်မည်ဖြစ်သည်။ ဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ မော်တော်ယာဉ်မျိုးစုံကို တစ်နှစ်လျှင် စီးရေ ၃၀၀၀ ခန့်အထိ ထုတ်လုပ်ရန် လျာထားပြီးဖြစ်သည်။ တန် ၂၀မှ တန် ၃၀ ထိ အကြီးစားကုန်တင် မော်တော်ယာဉ်များကိုမူ မကွေးမော်တော်ယာဉ်စက်ရုံမှ ထုတ်လုပ်သွားမည်ဖြစ်သည်။

တတိယစီမံကိန်းအနေဖြင့် ဆောင်ရွက်မည့် စီမံကိန်းမှာ အသေးစားလူစီးမော်တော်ယာဉ်များ ထုတ်လုပ်မည့်စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းကို မကွေးမြို့ရှိ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံတွင် ဆောင်ရွက်ရန် လျာထားပြီးဖြစ်သည်။ ပြည်တွင်းဈေးကွက်နှင့် ကိုက်ညီပြီး ပေါ့ပါးခိုင်ခံ့သော အဆင့်မြင့်နည်းပညာများ အသုံးပြုထားသည့် အသေးစားလေးယောက်စီး မော်တော်ယာဉ်များကို ထုတ်လုပ်မည်ဖြစ်သည်။ ဈေးနှုန်းသက်သာစေရန် ရည်မှန်းထားပြီး တစ်နှစ်လျှင် စီးရေ ၁၀၀၀ခန့် ထုတ်လုပ်ရန် လျာထားလျက်ရှိသည်။

ကျွန်တော်တို့မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသို့ ရောက်ရှိရေးအတွက် စက်မှုနိုင်ငံသို့ ဦးတည်လျှောက်လှမ်းရန် မလွဲမသွေ လိုအပ်လျက်ရှိပါသည်။ စက်မှုနိုင်ငံအဖြစ် ထူထောင်နိုင်မှသာ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်မည်ဖြစ်ရာ ယခုစီမံကိန်းများ အထူးအရေးပါလှကြောင်း သိရှိနိုင်ပေသည်။ ယခင်က ကျွန်တော်တို့ လျှောက်လှမ်းခဲ့သောခရီးကို ပြန်ကြည့်ပါက စက်များဝယ်ယူ၍ ကုန်ပစ္စည်းထုတ်လုပ်ခြင်းကို ဆောင်ရွက်ခဲ့လေသည်။ ဥပမာအားဖြင့် ဆန်ကြိတ်ခွဲစက်များဝယ်၍ ဆန်ကြိတ်ခြင်း၊ ချည်ထည်ထုတ်လုပ်သည့် စက်များဝယ်ယူပြီး ချည်ထည်များ ထုတ်လုပ်ခြင်း စသည်တို့ဖြစ်၏။ ယခုကား ထိုသို့မဟုတ်တော့ပါ။ စက်များ၊ ယာဉ်များ၊ ယန္တရားများထုတ်လုပ်မည့် စက်ရုံစီမံကိန်းများ ထူထောင်ခြင်းဖြစ်သည်။ မော်တော်ယာဉ်များသည်လည်း ဇိမ်ခံရန်သက်သက်ထက် လူ့အဖွဲ့အစည်းအတွက် မလွဲမသွေလိုအပ်သော အသုံးချပစ္စည်းများပင် ဖြစ်လေသည်။

ထိုသို့ မလွဲမသွေ လိုအပ်နေသော ပစ္စည်းများကို အမြဲတမ်းဝယ်ယူသုံးစွဲနေပါက နိုင်ငံအတွက်ရော သုံးစွဲသူပြည်သူအတွက်ပါ တွက်ခြေကိုက်မည် မဟုတ်ပေ။ နောင်တွင်လည်း ဆက်လက်လိုအပ်နေဦးမည်ဖြစ်ရာ မိမိတို့ဘာသာ ထုတ်လုပ်ခြင်းသည်သာ စီးပွားရေးတွက်ခြေကိုက်ပြီး သဘာဝကျသည်ကို တွေ့ရပေမည်။ သို့ဖြစ်၍ အရေးကြီးသော အခြေခံကစ၍ ထူထောင်ထားပြီး နောင်တွင် အဆင့်မြင့်တင်ဆောင်ရွက်လျက် ကမ္ဘာ့ဈေးကွက်ထိ ထိုးဖောက်ကာ စက်မှုနိုင်ငံအဖြစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်သို့ လျှောက်လှမ်းရာတွင် အရေးကြီးသောအခြေခံသည် စက်မှုဖွံ့ဖြိုးရေးပင် ဖြစ်လေသည်။

(ဆက်လက်ဖော်ပြပါမည်)

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် တည်ဆောက်ပေးထားသော အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဘီးလင်း)ကို တွေ့ရစဉ်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရသည် ရေတိုတိုးတက်မှုအဖြစ် ပြယုဂ်သက်သက်သာ ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပေ။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ စသည့် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံတွင် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်ရုံမျှမက ရေရှည်တည်တံ့ခိုင်မြဲအောင်၊ ရေရှည် ဆောင်ရွက်နိုင်အောင် အခြေခံကောင်းများပါ တည်ဆောက်ခဲ့ပြီး ဆက်လက်တည်ဆောက်ဆဲလည်းဖြစ်။

တပ်မတော် စိုက်ပျိုးရေးသင်တန်းဖွင့်ပွဲနှင့် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ဂျူဒိုပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၅

တပ်မတော် စိုက်ပျိုးရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် မှော်ဘီမြို့နယ်ရှိ မြန်မာ့ဆန်စပါး သုတေသနဌာန သင်တန်းခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ တပ်မတော် အရာရှိကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားစစ်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးသည် မျိုးစေ့နမူနာများ၊ ပျိုးပင်များနှင့် ဓာတ်ခွဲစမ်းသပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ၌ ကျင်းပသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြ၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၏ သရုပ်ပြသမှုများနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် ပြိုင်ပွဲဝင်စစ်သည်များ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ (၉)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ (၉) ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အထွေထွေအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ဟိုတယ်ရန်ကုန်၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုးနှင့် ဒေါက်တာ ဒေါ်ခင်မြဝင်း၊ အသင်းဂုဏ်ထူးဆောင်အဖွဲ့ဝင်များ၊ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုးက အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါ်အမာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြကာ ရွေးချယ်ထားသော အလုပ်အမှုဆောင် ကော်မတီဝင်အသစ်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ အသင်း၏နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များက ၂၀၁၀ ခုနှစ်အတွင်း အသင်းက ကြီးမှူးပြုလုပ်ခဲ့သည့် ပန်းလှိုင်အိမ်ရာစီမံကိန်းနှင့် ဒေသန္တရလေ့လာရေးခရီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်လေ့လာရေးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) လေ့လာရေးခရီးစဉ်တို့တွင် ကူညီဆောင်ရွက်ပေးကြသော ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အသင်းသို့ အလှူငွေ ပေးအပ်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကြည့်မြင်တိုင် အမှတ် (၆) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၂ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ စတုတ္ထတန်း ပထမဆုရ မောင်အောင်မင်းသန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့် ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (ပညာရေး)

၁၉၈၂ - ၈၅ ပညာသင်နှစ် တိ-မွေး-ကု တက္ကသိုလ် ကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

၁၉၈၂-၈၅ ပညာသင်နှစ် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာ ၁၆ရက် (စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ Western Park II ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တတ်ရောက်ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဒေါက်တာမြသီတာ ဖုန်း-၀၁-၇၃၀၄ ၉၀၆၇၊ ဒေါက်တာအေးအေးမော် ဖုန်း-၀၉-၅၀၂၉၀၈၈နှင့် ဒေါက်တာနီနီစိုး ဖုန်း-၀၁-၇၃၀၈၁၀၃၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၈-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -စာချစာသင်ဟောစဉ်ကျန ဓမ္မကထိက
၇း၃၀	၄။	ဓမ္မပူဇာတေး
၇း၃၅	၅။	မျိုးချစ်တပ်မတော်
၇း၄၀	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	မျိုးချစ်တပ်မတော်
၄း၄၀	၄။	အမျိုးသားရေး တေးကဗျာ
၄း၄၅	၅။	မွေးမြူသုတ
၄း၅၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၃။	ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၄၂)
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၄၄) (ဇာတ်သိမ်း)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၈)**
	၂၂။	ဂီတရင်ခုန်သံ
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုး မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ (၉)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အထွေထွေအစည်းအဝေးတွင် ၂၀၁၀ ခုနှစ်အတွင်း အသင်းက ကြီးမှူးပြုလုပ်ခဲ့သည့် လေ့လာရေးခရီးစဉ်များတွင် ကူညီဆောင်ရွက်ပေးကြသော ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အသင်းသို့ အလှူငွေပေးအပ်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။

(သတင်းစဉ်)

ဆွာချောင်း ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်

ဖြူး ဩဂုတ် ၂၅

ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာချောင်း ရေလှောင်တမံအတွင်းသို့ ဇူလိုင် ၂၃ ရက်က ငါးမျိုးကောင်ရေ တစ်သိန်းခန့်ကို တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်လွင်ဝင်းနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

ကလောမြို့နယ် မြင်းမထိကျေးရွာ (ရွှေခုနှ) စားသောက်ဆိုင်မှ မောင်နှမဖြစ်သော မနုနုယဉ်နှင့် ကိုရဲဝင်းစိန်တို့က မြင်းမထိ (အလက) ကျောင်း Multi Media Room အတွက် တန်ဖိုးငွေကျပ် ၆၅၀၀၀၀ရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ဩဂုတ် ၁၈ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုယုသိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မုံးကိုးမြို့ပေါ်ရပ်ကွက်များအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဩဂုတ် ၁၇ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကိုခန့်၊ စခန်းမှူး ရဲအုပ်အောင်မျိုးလတ်၊ စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံ ဦးအောင်လွင်ဦးနှင့် လူမှုရေးအဖွဲ့များ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျွန်းစုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသိန်းညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ညီညီသွင် ဦးဆောင်၍ ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

နေပြည်တော်အားကစားကွင်း အုပ်စု(ဂဂ)

သမဝါယမဝန်ကြီးဌာန သုံးဂိုး

(မောင်ဝင်း၊ ရဲဇော်ဝင်းဌေး၊ အောင်ဖြိုးဦး)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန နှစ်ဂိုး

(ရဲလင်းနောင်)

ဒိုင်လူကြီး ဦးသိန်းစော (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားကွင်း အုပ်စု (ဂဂ)

အားကစားဝန်ကြီးဌာန သုံးဂိုး

(လှဖြိုးမင်းသား-နှစ်ဂိုး၊ မင်းချစ်သူ)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှစ်ဂိုး

(နိုင်လင်းအောင်နှင့်ထွန်းထွန်းနိုင်)

ဒိုင်လူကြီး ဦးအောင်သူ(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၆-၈-၂၀၁၀ ရက်

နေပြည်တော်အားကစားကွင်း အုပ်စု(ဃဃ)

နယ်စပ်/စည်ပင်နှင့် စွမ်းအင်

၂၆-၈-၂၀၁၀ ရက်

ပေါင်းလောင်းအားကစားကွင်း အုပ်စု(ဃဃ)

ကာကွယ်ရေးနှင့် ပို့ဆောင်ရေး

(၁၀၇)

ဩဂုတ် ၂၃ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် အာရှသက်ငယ်တန်း လူငယ်အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် အားကစားအဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။

(သတင်းစဉ်)

ဘော်လီဘော နည်းပြဆရာများ ဆွေးနွေးပွဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

အားကစားဝန်ကြီးဌာန အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ပူးပေါင်း၍ ဘော်လီဘောနည်းပြဆရာများဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဂိုးဟိုတယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ဧည့်သည်များနှင့် နည်းပြဆရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ပနည်းပြဆရာ Professor Chang ကနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက Technical Seminar ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ပြီး ဘော်လီဘောနည်းပြ ဆရာ ၂၅ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဘော်လီဘော နည်းပြဆရာများ ဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၁၀ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၉-၈-၂၀၁၀)ရက်နေ့

၂၀၁၀ခုနှစ် စက်တင်ဘာလအတွက်

(၁၂-၉-၂၀၁၀)ရက်နေ့

နှင့်

(၂၆-၉-၂၀၁၀)ရက်နေ့

● **ကျောဖုံးမှ**

မြေလျှောနှင့် ဆူနာမီရေလှိုင်းတို့ကဲ့သို့သော သဘာဝကပ်ဘေးများကိုလည်း ကြုံတွေ့ရနိုင်သည်။ ပင်လယ်ရေအောက် မြေလျှောကြောင့် ဆူနာမီရေလှိုင်း ရိုက်ခတ် လာမည်ဆိုပါက ကျွန်းသားများ အနေဖြင့် ကုန်းမြင့်ဒေသများသို့ ထွက်ပြေးနိုင်သော်မှ မြေနေရာမရှိကြောင်း ပစိဖိတ် ဆူနာမီကြိုတင်သတိပေးရေးဌာနက ပြောကြားသည်။

တူဗာလူနိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် အသေးဆုံးနိုင်ငံဖြစ်ပြီး ကုန်းမြေဧရိယာ ၂၆ စတုရန်းကီလိုမီတာမျှသာရှိသည်။ တူဗာလူကျွန်းရှိ အမြင့်ဆုံးကုန်းမြေအမှတ်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ငါးမီတာမျှသာရှိသည်ဆို၏။

တူဗာလူနိုင်ငံတွင် တောင်တန်းမရှိသဖြင့် သဘာဝကပ်ဘေးကျရောက်ချိန် ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နိုင်သော ကုန်းမြေမရှိပေ။ ၎င်းအပြင် ပြည်သူတို့မှာ ဖီဂျီနိုင်ငံမှ တင်သွင်းသော စားနပ်ရိက္ခာပေါ်တွင် မှီတည်နေကြသည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် ပင်လယ်သဲသောင်များ တစ်စစ ပျက်စီးလာနေကြောင်း၊ ဒီရေတက်ချိန်တွင် လမ်းများပေါ်အထိ ပင်လယ်ရေ ဝင်ရောက်လာသည်ကို တွေ့မြင်နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တူဗာလူကျွန်းနိုင်ငံနည်းတူ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အခြားသော ကျွန်းနိုင်ငံငယ်လေးများသည်လည်း ကမ္ဘာကြီးပူနွေးလာမှု၏ ဆိုးကျိုးအဖြစ် အနာဂတ်ကာလတွင် ကွယ်ပျောက်သွားနိုင်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားသူများက ပြောကြားသည်။

အင်တာနက်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မကွေးကို ဂိုးပြတ်ရှုံးပြီး ပြိုင်ပွဲမှ စောစီးစွာထွက်ခွာခဲ့ရသည့် ရတနာပုံ F.C

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၁၀ MFF CUP ရှုံးထွက်ဘောလုံးပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ စတင်ကျင်းပရာ မကွေး F.Cနှင့် ကာကွယ်ရေးအသင်းတို့ အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

(သုဝဏ္ဏကွင်း)

မကွေးF.C-သုံးဂိုး

(ချက်ဝူဇူ၊ မန်ဆာ-ပယ်နယ်တီနှင့် ဘိုကာ)

ရတနာပုံF.C-တစ်ဂိုး

(ကျော်ဇေယျာမင်း)

ယခု MFF CUP ရှုံးထွက်ပြိုင်ပွဲ အပါအဝင် MNL အမှတ်ပေးပြိုင်ပွဲတို့ကို တစ်ပတ်အတွင်း သုံးပွဲကစားရမည့် ပွဲကျပ်ကာလတွင် မကွေးအသင်းမှာ ရလဒ်ကောင်းများ ရယူသွားနိုင်ခဲ့သည်။ တနင်္ဂနွေနေ့က ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် Southern အသင်းကို အနိုင်ယူနိုင်ခဲ့သလို ယခုရှုံးထွက်ပြိုင်ပွဲတွင်လည်း နာမည်ကြီး ရတနာပုံကို ရှုံးပွဲတွေ့စေပြီး ပြိုင်ပွဲမှထွက်သွားစေခဲ့သည်။ နှစ်ပွဲဆက် အနိုင်ရရှိထားမှုကြောင့် မကွေးအသင်းမှာ ဩဂုတ် ၂၈ ရက်တွင် ကစားရမည့် ကမ္ဘောဇအသင်းနှင့် အမှတ်ပေးပြိုင်ပွဲအတွက် ယုံကြည်မှုများ တိုးသွားစေခဲ့သည်။

ပြည်တွင်းပြိုင်ပွဲနှစ်ခုအပြင် ပြည်ပပြိုင်ပွဲဖြစ်သည့် AFC President's Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ရန်ရှိနေပြီး ဖလားသုံးလုံးမျှော်လင့်ချက်ရှိခဲ့သည့် ရတနာပုံအသင်း၏ မျှော်လင့်ချက်များမှာ

ပျက်ပြယ်သွားခဲ့ပြီဖြစ်သည်။ စနေနေ့က Delta United နှင့် ပွဲကျပ်ကစားခဲ့ရပြီး ဩဂုတ် ၂၈ ရက်တွင် မနောမြေအသင်းနှင့် အမှတ်ပေးပြိုင်ပွဲကစားရန် ရှိနေသည့် ရတနာပုံအသင်းမှာ ယခုရှုံးထွက်ပြိုင်ပွဲကို အရန်ကစားသမားအများစုဖြင့် ယှဉ်ပြိုင်သွားခဲ့သည်။ ခင်မောင်ထွန်း၊ ဂျိန္ဒန်ဆီယန်၊ အက်စလေ တို့နှင့် ဒဏ်ရာက ပြန်ကောင်းလာသည့် ပိုင်စိုးတို့ကို အမာခံထား ပွဲထုတ်ခဲ့သည့် ရတနာပုံအသင်းမှာ ခြေစွမ်းမပြနိုင်ဘဲ ဒုတိယပိုင်းတွင် ရိုဒရီဂူ၊ ထွန်းထွန်းဝင်းတို့ကို ထည့်သော်လည်းရလဒ်ကို မပြောင်းလဲနိုင်ခဲ့ပေ။

မကွေးအသင်းမှာ ပိုဖိကစားနိုင်ခဲ့သော်လည်းဂိုးများကို ဒုတိယပိုင်းကျမှ သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၄၉ မိနစ်တွင် ချက်ဝူဇူက ပထမဂိုး၊ ၅၅ မိနစ်တွင် မန်ဆာက ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုး၊ ၈၃ မိနစ်တွင် တိုက်စစ်မှူး ဘိုကာက တတိယဂိုးတို့ကို သွင်းယူခဲ့သည်။

ရတနာပုံအတွက် နှစ်သိမ့်ချေပဂိုးတစ်ဂိုးကို ၆၁ မိနစ်တွင် ကျော်ဇေယျာမင်းက သွင်းယူခဲ့သည်။ မကွေးအသင်းမှာ ကွာတားဖိုင်နယ်တွင် Southern အသင်းနှင့် ရန်ကုန်ယူနိုက်တက် အနိုင်ရသောအသင်းနှင့် တွေ့ဆုံရမည်ဖြစ်သည်။

မကွေးအသင်းမှ ဘိုကာ၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ရတနာပုံ နောက်ခံလူများနှင့် ဂိုးသမား ဇော်လင်းအောင်တို့ ကာကွယ်စဉ်။

(အောင်ဆန်းကွင်း)

ကာကွယ်ရေး - တစ်ဂိုး

ဒဂုံ F.C - ဂိုးမရှိ

ကွာတားဖိုင်နယ်တွင် ကာကွယ်ရေးအသင်းမှာ ရက္ခပူရယူနိုက်တက်နှင့် ကမ္ဘောဇအသင်းတို့ပွဲမှ အနိုင်ရသောအသင်းနှင့် ကစားရမည်ဖြစ်သည်။

MFF Cup ပြိုင်ပွဲကို အပတ်စဉ် ဗုဒ္ဓဟူးနေ့များတွင် ကျင်းပသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဇေယျာရွှေမြေနှင့် မနောမြေ၊ အောင်ဆန်းကွင်း၌ ဥဿာယူနိုက်တက်နှင့် နေပြည်တော်တို့ ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** လောင်းလုံမြို့တွင် ၄ ဒသမ ၂၉လက်မ၊ ပုသိမ်ကြီးမြို့(ရွှေစာရံ)တွင် ၃ ဒသမ ၅၀ လက်မ၊ ဝမ်းတွင်းမြို့တွင် ၃ ဒသမ ၂၀ လက်မ၊ စစ်ကိုင်းမြို့တွင် ၂ဒသမ ၈၇ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၇၉ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ကျောက်ဆည်မြို့နှင့် ကျိုက်မရောမြို့တို့တွင် ၂ ဒသမ ၁၆လက်မစီ၊ မုံရွာမြို့နှင့် မြင်းမူမြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီ၊ မြစ်ငယ်မြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် မန္တလေးမြို့တွင် ၁ ဒသမ ၄၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

ထူးခြားသည့်အခြေအနေ။ ။ ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းတာချက်များအရ တောင်တရုတ်ပင်လယ်ပြင် (တုံကင်ပင်လယ်ကွေ့)တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်း မင်ဒူလီသည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကမ်းခြေကို ဖြတ်ကျော် ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ဩဂုတ် ၂၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျောက်ကပ်ဆေးစက် မကွေးဆေးရုံကြီး၌ တပ်ဆင်မည်

မကွေး ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် သိန်း၂၅၀ကျော်တန် ကျောက်ကပ်ဆေးစက် တပ်ဆင်ရန်အတွက် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အလှူရှင်များက အဆိုပါဆေးရုံကြီးသို့ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ ကျောက်ကပ်ဆေးစက်ကို လက်ရှိ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ပြင်ဦးလွင် စသည့်မြို့များရှိ ပြည်သူ့ဆေးရုံကြီးများတွင်တပ်ဆင်အသုံးပြုပြီး မကွေးပြည်သူ့ဆေးရုံကြီးတွင်လည်း တပ်ဆင်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ကြောင်း သိရသည်။ (၂၀၈)

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၀ ခုနှစ် အကြိမ် (၄၀) မြောက် ပြည်နယ်နှင့်တိုင်း ဒေသကြီး ဘော်လီဘော ပြိုင်ပွဲတွင် ပထမဒိုင်းဆုရရှိသောအမျိုးသား ရန်ကုန်တိုင်း ဒေသကြီး အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်း ရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဒိုင်းဆုချီးမြှင့်စဉ်။ (မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်)

ဆေးတက္ကသိုလ်(၁) ၁၉၇၄ ပညာသင်နှစ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

ဆေးတက္ကသိုလ်(၁) ၁၉၇၄ ပညာသင်နှစ် တတိယအကြိမ်မြောက် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် (စနေနေ့) တွင် ကျင်းပမည်ဖြစ်၍ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဒေါက်တာနေစိုးမောင် ဖုန်း-၀၉-၅၀၁၈၉၆၃၊ ဒေါက်တာအောင်လွင် ဖုန်း-၀၉-၅၁၁၈၇၈၂၊ ဒေါက်တာသင်းနွယ်ဝင်း ဖုန်း-၀၉-၈၀၂၀၃၆၆၊ ဒေါက်တာဉာဏ်ထွန်း ဖုန်း-၀၁-၆၆၁၂၂၅၊ ဒေါက်တာကြည်ကြည်ညွန့် ဖုန်း-၀၉-၈၀၃၀၈၉၀၊ ၀၁-၅၃၀၀၇၉၊ ဒေါက်တာမြင့်ဟန် ဖုန်း-၀၉-၅၁၁၂၀၆၇၊ ဒေါက်တာတင်ဝင်း ဖုန်း-၀၉-၈၀၂၁၄၀၇၊ ဒေါက်တာထင်အောင်စော ဖုန်း-၀၉-၅၁၀၅၄၀၊ ဒေါက်တာကြည်ထိန် ဖုန်း-၀၉-၅၀၇၀၀၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အကြိုညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြို့နယ်သတင်းများ



တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကျွန်းစုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အား စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းညွန့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေရင်အေးဈေး သမဝါယမအသင်းလီမိတက် ဖွဲ့စည်း

ရန်ကုန် ဩဂုတ် ၂၅

လှိုင်သာယာမြို့နယ် (၁၈)ရပ်ကွက် ရွှေရင်အေးဈေး ဈေးသမဝါယမအသင်းလီမိတက် ဖွဲ့စည်းရေးအခမ်းအနားကို ဩဂုတ် ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းများ ပြန်လည်ဖွဲ့စည်းရေးဥက္ကဋ္ဌ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးတင့်က ရွှေရင်အေးဈေး ဈေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေပါ ဒါရိုက်တာအဖွဲ့ဝင် ငါးဦးနှင့် အသင်းသားစာရင်းစစ် နှစ်ဦးတို့ဖြင့် ဖွဲ့စည်းပေးလိုက်ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၃၂၉)

ရွှေလျားဆန္ဒပြုခန်းနှင့် မဲရုံသရုပ်ပြရှင်းလင်း

ရေစကြို ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ရွှေလျားဆန္ဒပြုခန်းနှင့် လက်တွေ့သရုပ်ပြပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၉နာရီခွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပခုက္ကူခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးရွှေကျော်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဘိုးဝင်း၊ အတွင်းရေးမှူး ဦးထွန်းဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုရှစ်အုပ်စုမှ မဲရုံမှူးများနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရေစကြိုမြို့နယ်ကော်မရှင်အဖွဲ့ခွဲအနေဖြင့် အဆိုပါရွှေလျားဆန္ဒပြုခန်းပုံစံဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု နယ်မြေများအလိုက် လက်တွေ့သရုပ်ပြသင်တန်းများ ဆက်လက်ပို့ချသွားမည့်အပြင် ကျေးရွာအုပ်စုဒေသများသို့ သွားရောက်၍ လက်တွေ့သရုပ်ပြပွဲများကို စီမံချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၃၇၄)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းနေ အဘ ဦးစိုးတင်၊ အမိဒေါ်စောတင်၊ (အစ်မကြီး)ဒေါ်ခင်ခင်၊ (မောင်)ဦးစိန်မြင့်၊ ဦးကျော်မြင့်တို့အား ရည်စူး၍ ဒေါ်တင်တင်၊ ဒေါ်ရီရီ၊ (တူမ) မသန်းသန်းမြ၊ (မြေး) ချစ်ဆုဝေ မိသားစုတို့က ထာဝရအထွေထွေပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဂန့်ဂေါမြို့၌ ကျန်းမာရေးဟောပြော

ဂန့်ဂေါ ဩဂုတ် ၂၅

ကျောင်းကျန်းမာရေး ဟောပြောပွဲကို ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ် ၁၁ ရက် နံနက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်အေးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး၊ အိုင်အိုဒင်းဆားသုံးစွဲရေး၊ ကျောင်းသား၊ ကျောင်းသူများတစ်ကိုယ်ရေသန့်ရှင်းကြရေးတို့ကို ရှင်းလင်းဟောပြောသည်။

အခမ်းအနားသို့ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ဆေးရုံမှ အကြီးတန်းသူနာပြု ဒေါ်ခင်အုံးမြင့်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးမျိုးသန်းနိုင်နှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ (၄၆၅)

မြေခင်းအလှပြုပြင်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး ဆောင်ရွက်လျက်ရှိသော ရန်ကုန်-ပြည် လမ်းဘေး လွတ်လပ်ရေးကျောက်တိုင်အနီး မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၆ ရက်တွင် အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်

နေပြည်တော် ဩဂုတ် ၂၅

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မီးသတ်တပ်ဖွဲ့ ခရိုင်ဦးစီးအရာရှိ ရဲကျော်စွာ ဝင်းမြင့်၊ မြို့နယ်ဦးစီးမှူး ရဲသူရိန်ခင်မောင်ရီနှင့် မြို့နယ်လျှပ်စစ် စည်ပင်သာယာရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ ဈေးမီးဘေးလုံခြုံရေးတာဝန်ရှိသူတို့က အမှတ်(၁)မြို့မဈေး မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအတွက် ဩဂုတ် ၂၂ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အဖွဲ့ဝင်များက လိုအပ်သည်များ အကြံပြုဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

ကသာ ဩဂုတ် ၂၅

ကျေးရွာအုပ်စု စိမ်းလန်းစိုပြည်ရေးစီမံချက်ဖြင့် ကသာမြို့နယ် အင်းရွာအုပ်စု၊ မြို့မရပ် ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်းဝင်းအတွင်း သစ်ပင်စိုက်ပျိုးပွဲအား သတ်မှတ်နေရာ၌ကျင်းပရာ အုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘုန်းတော်ကြီးသင်ကျောင်းသူ၊ ကျောင်းသားများ စုပေါင်းသစ်ပင်စိုက်ပျိုးကြပြီး အလားတူ အခြေခံပညာ အထက်တန်းကျောင်းအတွင်း၌လည်း စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ယူကလစ်၊ မဲဇလီ၊ စွယ်တော်၊ ကုက္ကိုနှင့် သီးစားပင်များ စိုက်ပျိုးကြကြောင်း သိရသည်။ (၂၁၁)

ပန်းအလှစိုက်

ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီ စိမ်းလန်းစိုပြည်ရေးအတွက် မြို့တွင်းပြည်ထောင်စုလမ်းဘေးတွင် အရိပ်ရပန်းအလှပင်များကို ဇူလိုင် ၃၁ ရက်က အဖွဲ့ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးဝင်းဖေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အာဟာရကျွေး

အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အလှူရှင် ဦးမျိုးသန်း - ဒေါ်မြတ်ဝတ်ရည်တို့၏သား မောင်အောင်ပြည့်စုံ၊ မောင်ဟိန်းသီဟ မိသားစုက အာဟာရကျွေးမွေးလှူဒါန်းစဉ်။ (ပညာရေး)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **ပြည်ထောင်စု ဒီမိုကရေစီပါတီ Union Democratic Party** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြသည်။

(၂၇) ပါတီရှိ

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၂)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့် ပါတီမှာ(၂၇)ပါတီ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျော်မျိုးနောင်၏ "မျက်မှောက်နှင့် အနာဂတ်အကျိုးနှစ်ရပ် ဖော်ဆောင်မည့် အထူးစီမံကိန်းများ" ဆောင်းပါးကို စာမျက်နှာ (၁၉) တွင် ဖတ်ရှုနိုင်ပါသည်။

တူဗာလူနိုင်ငံရှိ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်နေရာကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တူဗာလူနိုင်ငံ၏ နယ်မြေ ၆၀ ရာခိုင်နှုန်း လာမည့်နှစ် ၅၀ အတွင်း ပျောက်ကွယ်နိုင်

ဖူနာပူတီ ဩဂုတ် ၂၅

ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သော တူဗာလူနိုင်ငံ၏ နယ်မြေ ၆၀ ရာခိုင်နှုန်းကျော်သည် လာမည့်နှစ် ၅၀ အတွင်း ပျောက်ကွယ်သွားဖွယ်ရှိကြောင်း ယင်းနိုင်ငံရှိ မိုးလေဝသဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

တူဗာလူနိုင်ငံ၏ ဒေသခံ ၁၀၀၀၀ ခန့်သည် ယခုအခါ ပိုမိုလုံခြုံမှုရှိမည့် နယ်မြေဒေသများသို့ ရွှေ့ပြောင်းရန် စဉ်းစားလာကြရပြီ ဖြစ်သည်။

အနာဂတ်ရေးအတွက် ရင်လေးနေကြရသော တူဗာလူကျွန်းသားများသည် ၎င်းတို့၏ နေရင်းဒေသကို စွန့်ခွာလိုခြင်း မရှိသော်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ် ခြိမ်းခြောက်ခံရမှုကြောင့် ဖီဂျီကဲ့သို့ အရွယ်အစားပိုမိုကြီးမားသော ကျွန်းများဖြင့် ဖွဲ့စည်းထားသော အခြားကျွန်းနိုင်ငံများသို့ ရွှေ့ပြောင်းကြမည်ဟု မျှော်လင့်သည်။ တူဗာလူနိုင်ငံသည် အနာဂတ်ကာလ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ကိုသာမက **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အင်တာနက်သတင်း

ဘာသာပြန်-ရောမောင်